


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဘုရားအဆူဆူ သွားတဲ့လမ်း

## အ ဂ္ဂိ ဒ တ္တ ရ သေ့ ကြီး

၁၂၅

ဟောကြားသည့်နေ့
၄ - ၉ - ၅၅

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော

# ဘုရားအဆူဆူသွားတဲ့လမ်း
# (အဂ္ဂိဒတ္တရသေ့ကြီး)

(၄-၉-၅၅)

မဂ္ဂသစ္စာဆိုတာ မိမိတို့အများကြီးအလိုရှိအပ်တဲ့ သစ္စာလို့မှတ်ပါ. . . (မှန်ပါ့)၊ မဂ္ဂသစ္စာဆိုတာ မဂ်ဉာဏ်ခေါ်တာပဲ. . . (မှန်လှပါ)။

အဲဒီ မဂ္ဂသစ္စာကို ယနေ့ညစပြီး မဂ္ဂသစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ မဂ္ဂက - ခရီး၊ သစ္စာက - မှန်တာ၊ သံသရာတစ်လျှောက်လုံး ခရီးသွားလာတာ ဘယ်တော့မှ မမှန်ခဲ့ဘူး။

တောင်သွား မြောက်ရောက်၊ မြောက်သွား တောင်ရောက်၊ ရောက်ချင်သလိုရောက်ပြီးသကာလ လာခဲ့တာ

ဒီတစ်ခါဖြင့် မဂ္ဂက - ခရီး၊ သစ္စာက - အမှန် လမ်းမှန်ရောက် ပေတော့မယ်လို့ ဒကာ ဒကာမတွေက အောက်မေ့ရမယ် . . . (မှန်လှပါ)။

သံသရာတစ်လျှောက်လုံး ခရီးသွားပြီးသကာလ လာခဲ့တာ ဘယ်တော့မှ အမှန်မတွေ့ခဲ့ဘူး၊ ဒီနေ့ည နာရမည့် တရားက ခရီးမှန်၊ လမ်းမှန်ရောက်တော့မယ်ဆိုတာ မှတ်ရမယ်၊ နားလည်လား ဒေါ်ရွှေ. . . (နားလည်ပါတယ်ဘုရား)။

သံသရာတစ်လျှောက်လုံး လမ်းတွေလျှောက်လာခဲ့ရတာကဖြင့် လမ်းမှန်ကို မတွေ့ခဲ့ဘူး. . . (မှန်လှပါဘုရား)၊ လမ်းမှားချည့်ပဲ တွေ့ခဲ့ကြရတယ်. . . (မှန်ပါ့)။

## ခရီးမှန်၊ လမ်းမှန်တွေ့ရမည့်နေ့

ယနေ့ည၊ ညနာရမည့်တရားက မဂ္ဂက - ခရီး၊ သစ္စာက - မှန်တာ၊ ခရီးမှန်၊ လမ်းမှန်ကိုဖြင့် ယနေ့တွေ့ရမယ်လို့ အသေအချာမှတ်ပါ. . . . (မှန်လှပါဘုရား)။

ခရီးလမ်းမှန်ကိုတွေ့ရတော့မယ်ဆိုတော့ ဒကာ ဒကာမတွေ အထူးဝမ်းသာဖို့ပါပဲ. . . (မှန်လှပါဘုရား)၊ ဘာကြောင့်တုံးဆိုတော့၊ ရှေးတုံးက လာခဲ့ရတာက အင်း-လျှုလိုက် တန်းလိုက်၊ ထိုက်တန်သလောက် လျှုဒါန်းပေးကမ်းပြီး လာခဲ့ငြားသော်လည်း၊ ဒီဘဝဆင်းရဲလို့ နောက်ဘဝ ချမ်း

သာအောင်ဆိုပြီး၊ ဘဝချမ်းသာရေးကို သာလှူဒါန်းလာခဲ့ကြတော့၊ နောက်ဘဝကျပြန်တော့လည်း ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲနဲ့ပဲ ကြုံရပြန်တယ်. . . (မှန်ပါ့ဘုရား)။

အဲ့ဒါ ခရီးမှန်၊ လမ်းမှန်လို့ ဆိုလို့ရရဲ့လား. . . (မရပါဘူးဘုရား)။

ဒီဘဝဆင်းရဲတာနဲ့ ချမ်းသာမလားလို့ သွားလိုက်တာ၊ လှူဒါန်းပေးကမ်းပြီးသကာလ ချမ်းသာတွေ့ရပါလို၏၊ နောက်ဘဝချမ်းသာရပါလို၏ ဆိုပြီး ဘဝချမ်းသာကြီးတောင့်တကြောင့်ကြပြီး လှူလိုက် တန်းလိုက်၊ ပေးလိုက်ကမ်းလိုက်တဲ့အတွက် ရောက်တော့ရောက်ပါရဲ့၊ ရောက်ပင်ရောက်ငြားသော်လည်း အို နာ သေ မွဲ ကွဲကြီးနဲ့ သွားဆုံမိ၊ ကြုံမိ။

အို နာ သေ မွဲ ကွဲကြီးနဲ့ဆုံမိ ကြုံမိတော့ကိုး ဘုန်းကြီးတို့ ဒကာ ဒကာမတေတွမှာ လှူတာ လမ်းကောင်းရောက်မလားလို့ လှူလိုက်တာ လမ်းမှားပဲပြန်ရောက်တယ်. . . (မှန်လှပါဘုရား)၊ လမ်းမှားပဲပြန်ရောက်တယ်ဆိုတာ သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)။

## လမ်းမှားတွေက အပါယ်ပို့တယ်

အေး- လမ်းမှားတွေ၊ တစ်ခါ သားတွေ သမီးတွေနဲ့ နေရလို့ရှိရင် ပျော်ရ ပါးရ၊ စီးပွားဥစ္စာ ရတနာရလို့ရှိရင်လည်း အင်း- စိတ်ထဲချမ်းသာလို့၊ ကိုယ်ထဲ ချမ်းသာလို့ဆိုပြီး ဒီလောက်ဆိုရင်ဖြင့် တော်ပြီဆိုပြီး၊ အပျော်ကြူးပြီးသကာလ ချမ်းသာထင်နေတာနဲ့လည်း၊ လောဘတဏှာက လောဘ တဏှာကိုပင် ချမ်းသာထင်နေတာနဲ့၊ ဒီဘ၀ စုတေမနေ သေလွန်ပြန်တော့လည်း၊ ဒါ လောကနိဗ္ဗာန်ဆိုပြီး နေလိုက် တာနဲ့၊ စုတေမနေ သေလွန်ပြီး အခြားမဲ့၌ လောဘဆိုတဲ့ သမုဒယသစ္စာက အပါယ်ပို့လိုက်တယ်. . . (မှန်လှပါ ဘုရား)။

အဲ- ဒါဖြင့် ဒီလောက်ချမ်းသာရင်ဖြင့် ချမ်းသာတော် ပြီလို့ထင်လိုက်တဲ့ဥစ္စာ၊ ဒီချမ်းသာနဲ့ပဲ တော်လောက်ပါပြီလို့ ထင်တဲ့ဥစ္စာသည်၊ နောက်ဆင်းရဲကြီးနဲ့ မတွေ့ရဘူးလား. . . (တွေ့ရပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ နောက်တုန်းက နေခဲ့ ထိုင်ခဲ့ လုပ်ခဲ့ ကိုင်ခဲ့တာတွေ ဟူသ၍ လမ်းမှားချည့်ပဲတွေ့ ခဲ့တဲ့အတွက်၊ ယခုဘ၀တိုင်တိုင် အို နာ သေကြီးနဲ့ဟာ ကြုံ နေရတယ်. . . (ကြုံနေရပါတယ်ဘုရား)။

အိုလည်း အိုရမယ်၊ တော်ကြာ နာကြမယ်၊ တော်ကြာ သေကြမယ်၊ တော်ကြာ သားလင် ခင်ပွန်းနဲ့ ကွဲကြ ရမယ်၊

ရှိတဲ့ ရှာထားတဲ့ပစ္စည်းလေးတွေ ကိုယ့်နောက်မပါလို့ မွဲကြရမယ်။

အဲ့ဒါ နောက်တုန်းက လာခဲ့တာကဖြင့် လမ်းမှန်ကို တွေ့ကြရဲ့လား. . . (မတွေ့ပါဘူးဘုရား)။

အဲ- ဒါကြောင့် မဂ္ဂသစ္စာဆိုတာ ဘယ်တော့မှမတွေ့ ခဲ့လို့၊ လမ်းမှားချည့်ကြုံပြီး အို နာ သေနဲ့ချည့်ပဲ အချိန်ကုန်၊ အပါယ်ငရဲနဲ့အချိန်ကုန်၊ ပူရေး ဆွေးရေးတွေနဲ့ပဲ အချိန်ကုန် ဆိုတဲ့ဥစ္စာ လမ်းမှန်မရောက်ခဲ့ကြလို့ဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

အေး- လမ်းမှန်မရောက်ခဲ့လို့ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနေ့ မဂ္ဂက-လမ်းနော်၊ သစ္စာက-(မှန်တာ ပါဘုရား)၊ မှန်တာတဲ့။

ဒီနေ့ နာရမဲ့တရားက ဘာတရားတုံးမေးရင် လမ်းမှန် တရား၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘာတရားနာရမှာ တုံး. . . (လမ်းမှန်တရား နာရမှာပါဘုရား)။

## တစ်သံသရာလုံး မတွေ့ခဲ့တဲ့လမ်းမှန်တရား

အေး- လမ်းမှန်တရားနာရလိမ့်မယ်၊ လမ်းမှန်တရား နာရလိမ့်မယ်၊ တစ်သံသရာလုံးမတွေ့ခဲ့တဲ့ လမ်းမှန်တရား လို့ မှတ်ကြပေတော့. . . (မှန်လှပါဘုရား)။

တစ်သံသရာလုံးကို မတွေ့ခဲ့တာ၊ အင်း- ဒီနေ့ညဖြင့် ဒို့ ကံထူးလို့ ဘုန်းကြီးရှိလို့ဖြင့် လမ်းမှန်တရား၊ လမ်းမှန်တရားကို လိုက်ရလို့ရှိရင်ဖြင့် လမ်းမှန်ရောက်တော့မှာပဲ၊ အို နာသေ မွဲ ကွဲကြီးနဲ့ တို့နဲ့ဖြင့် သေခန်း ရှင်ခန်း ပြတ်ပြီး၊ လွတ်ရေးကျွတ်ရေး သေချာပေါ့ဆိုပြီးမှတ်ရမယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် ယနေ့ညနာရမဲ့တရားက မဂ္ဂက-လမ်း၊ သစ္စာက . . . (အမှန်ပါဘုရား)၊ ဘာတရားနာရမှာတုံး. . . (လမ်းမှန်တရား နာရမှာပါဘုရား)။

အေး- လမ်းမှန်တရား နာရတော့မယ်ဆိုတော့ အထူးဝမ်းသာထိုက်တယ်ဆိုတာကော သဘောကျပလား. . (သဘောကျပါတယ်ဘုရား)။

## လမ်းမှန်တရားနာရဖို့ဟာ၊ လွယ်ကြတာမဟုတ်ဘူး

အေး- ဒါကြောင့် လမ်းမှန်တရား နာရမယ့်ဥစ္စာလည်း လွယ်ကြတာမဟုတ်ဘူး၊ ခင်ဗျားတို့ကလည်း ဒီအချိန် ဒီကာလ လူ့ဘဝလေးရတာနဲ့ကြုံဦးမှ၊ ဒီလို ဆရာသမားနဲ့လည်း ကြုံဦးမှ၊ ကြုံခဲ့သော် ဆရာသမားကလည်း ကျန်းကျန်းမာမာရှိဦးမှ၊ ဒီဒကာ ဒကာမတွေကကော. . . (ကျန်းမာမှပါဘုရား)။

အဲ- သူတို့ကလည်း ကျန်းမာဦးမှ၊ အဲဒီကဲ့သို့ အကြောင်းညီညွတ်ဖို့အရေးဟာက အင်မတန်မှ ခဲယဉ်းပါတယ်. . . (ခဲယဉ်းပါတယ်ဘုရား)။

လမ်းမှန်တရားတွေ့ဖို့ရာ လမ်းမှန်တရားတွေ့ဖို့ရာ မောင်ချစ်ဆွေ မလွယ်ဘူးကွ. . . (မလွယ်ပါဘူးဘုရား)၊ မလွယ်ဘူး သေချာစဉ်းစားကြည့်စမ်းပါ၊ မလွယ်ဘူး. . . (မှန်လှပါဘုရား)။

တို့ တစ်သက်လုံးနေလာတာပဲ၊ ဒေါ်ခန့်တို့လည်း အသက် ခြောက်ဆယ်လောက်ရှိနေပြီ၊ ဒေါ်ကြွယ်တို့လည်း ငါးဆယ်နီးနေပြီ ဆိုကြပါစို့. . . (မှန်လှပါဘုရား)။

## ဝမ်းမြောက်ဖို့ကောင်းတဲ့နေ့

လမ်းမှန်တရားကို မတွေ့ခဲ့ဘူး. . . (မတွေ့ခဲ့ပါဘူးဘုရား)၊ မတွေ့ခဲ့ရတော့ ခု လမ်းမှန်တရားကိုတွေ့ရတော့ မယ်ဆိုတော့ အထူးတလည် မင်္ဂလာရှိတဲ့နေ့၊ ဝမ်းမြောက်ဝမ်းသာရှိဖို့ကောင်းတဲ့နေ့၊ ဟုတ်လား. . . (မှန်လှပါဘုရား)။

## အထူးမင်္ဂလာရှိတဲ့နေ့

တို့ပြုလာတဲ့ တစ်သံသရာလုံး လမ်းမှန်တရားကို ရှာခဲ့ငြားသော်လည်း လမ်းမှားချည့်ရောက်ခဲ့တာဖြင့် ယခုဖြင့်

လမ်းမှန်တရားနဲ့ အတွေ့အဆုံ ကြုံရပေါ့ဆိုပြီးသကာလ၊ ယနေ့သည် အထူးမင်္ဂလာရှိတဲ့နေ့ပဲလို့ ဒကာ ဒကာမတွေက မှတ်ပါ. . . (မှန်လှပါဘုရား)။

လမ်းမှန်တရားနာရမှာကိုး မဂ္ဂက-လမ်း၊ သစ္စာက. . (မှန်တာပါဘုရား)၊ ပေါင်းလိုက်တော့. . . (လမ်းမှန်တရား ပါဘုရား)။

အေး- လမ်းမှန်တရားကို ယနေ့ဖြင့် ကြုံရ ဆုံရတော့ မယ်ဆိုသဖြင့် ဒီလမ်းမှန်တရားကလည်း ဘုန်းကြီးက ဒီလောက် ဒကာ ဒကာမတွေကို အားရှိပါးရှိပြောပြီး နေရတာ က ဘုရားအဆူဆူသွားတဲ့လမ်းကိုးဗျ. . . (မှန်လှပါဘုရား)။

## ဘုရားအဆူဆူသွားတဲ့လမ်း

ဘုရားအဆူဆူသွားတဲ့လမ်းဆိုတော့၊ ကျုပ်တို့က သံသယရှိပြီး ဒီလမ်းဟုတ်မှဟုတ်ပါ့မလားလို့၊ ကျုပ်တို့ သံသယရှိဖို့မလိုဘူး. . . (မလိုတော့ပါဘုရား)။

ကျုပ်တို့ဖြင့် ဦးထိပ်ထားပြီး ကိုးကွယ်တဲ့ဘုရားကိုက ဒီလမ်းကသွားတာ. . . (မှန်လှပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲ့တော့ ဒီလမ်းအကြောင်းကို ခင်ဗျားတို့ သံသယရှိ ဖို့လိုသေးလား. . . (မလိုတော့ပါဘူးဘုရား)၊ ဒါကြောင့်

ဒီလမ်းသည်ကားလို့ဆိုရင်ဖြင့်၊ ကိုယ်တော်မြတ်နဲ့တကွ အရိယာတွေ ဒီလမ်းကချည့်သွားကြလို့၊ နိဗ္ဗာန်ဆိုတဲ့ဆီ ရောက်ရောက် ရောက်ရောက်သွားကြတော့။

ဩော်- ဒီလမ်းက တို့ကိုးကွယ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလမ်းဖြစ်လေသောကြောင့် ဒီလမ်းသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ခု ဆရာဘုန်းကြီးက ဟောလို့ တွေ့ရတော့မယ်။

ဒီလမ်းများ သံသယမရှိဘူးဟော့ ဖိလိုက်မှပဲဆိုတဲ့ စိတ်ဟာ မွေးမှရမယ်. . . (မွေးရမှာပါဘုရား)၊ မွေးရလိမ့်မယ်၊ မွေးရလိမ့်မယ်။

အေး- ယောကျ်ားတွေဘက်က သဘောကျပလားကွ . . . (ကျပါပြီဘုရား)၊ ဘာတရားဟောမှာတုံး. . . (လမ်းမှန်တရားဟောမှာပါဘုရား)၊ လမ်းမှန်တရားဟောမယ် မောင်ချစ်ဆွေ၊ ဘာတရားဟောမယ်. . . (လမ်းမှန်တရားဟောမှာပါဘုရား)။

အေး- မှတ်ထားကြစမ်းပါ လမ်းမှန်တရား၊ မတူတို့ ဘာတဲ့တုံး. . . (လမ်းမှန်တရားပါဘုရား)၊ လမ်းမှန်တရားဆိုတဲ့ဥစ္စာ ခုမှပဲနာရတော့မယ် လမ်းမှန်တရား၊ ရှေးကဖြင့် လမ်းမှန်တရားကို မတွေ့ခဲ့လို့ သံသရာထဲမှာ အိုပွဲတွေ၊ ငိုပွဲတွေနဲ့ချည့်ပဲ ဒေါ်ခန့်တို့ အချိန်မကုန်ခဲ့ရဘူးလား. . . (အချိန်ကုန်ခဲ့ရပါတယ်ဘုရား)။

## အကြီးအကျယ်အမြတ်ဆုံးနေ့

တစ်ခါ ဒီ ဆရာသမားနဲ့မတွေ့လို့ ဒီလမ်းမှန်တရား မရအုံးမယ်ဆို၊ ခင်ဗျားတို့ လမ်းမှားတရားကြီးနဲ့ပဲ သွားဦးမှာပဲ . . . (သွားရဦးမှာပါဘုရား)။

အိုပွဲ၊ ငိုပွဲနဲ့ သေပွဲနဲ့ပဲ အချိန်ကုန်ရဦးမှာပဲ. . . (အချိန်ကုန်ဦးမှာပါဘုရား)။

ကဲ- ဒါဖြင့် တို့သည်ကားလို့ဆိုရင်ဖြင့် ဒီနေ့ဖြင့် အကြီးအကျယ် မင်္ဂလာဆုကြီး၊ အကြီးအကျယ် အမြတ်ဆုံး နေ့ရယ်လို့ မှတ်ထားရမဲ့နေ့ပဲလို့ ဆုံးဖြတ်ချက်ချ. . . (မှန်လှ ပါဘုရား)။

## မဂ္ဂသစ္စာဆိုတာ လမ်းမှန်တရား

ဘာကြောင့်တုံး လမ်းမှန်တရားနာရမှာ. . . (မှန်လှ ပါဘုရား)၊ မဂ္ဂက ဘာတဲ့. . . (လမ်းပါဘုရား)၊ သစ္စာက. . . (အမှန်ပါဘုရား)၊ အေး- ဒါဖြင့် လမ်းမှန်တရား. . . (မှန်လှ ပါဘုရား)။

လမ်းမှန်တရားကို နာရလို့ရှိရင်ဖြင့် ဒကာ ဒကာမ တွေ လမ်းမှန်သွားရတော့မှာပဲ ဒီတစ်ခါဖြင့် အမောအပန်း ဆိတ်ပြီးသကာလ၊ အသေဇာတ်တွေပါ သိမ်းပြီးသကာလ အပူပွဲတွေလည်း အကုန်ငြိမ်းတော့မှာပဲလို့ ဆုံးဖြတ်ချက်ချ. . (မှန်လှပါဘုရား)။

လမ်းမှန်တရား မရောက်ရင်သာ ဘုန်းကြီးက ဒါ မပြောရဲတာကိုး. . . (မှန်လှပါဘုရား)၊ ခုတော့ လမ်းမှန် တရားကို ဟောရတော့မယ်၊ ပြောရတော့မယ်၊ ဒကာ ဒကာမ တွေလည်း ပြရတော့မယ်ဆိုတော့. . .။

## အဆိုးတွေကုန်ပြီး
## အကောင်းဟူသ၍ကြုံတော့မှာပဲ

အို- အိုပွဲ၊ ငိုပွဲနဲ့တကွ ပူပွဲ ဆွေးပွဲတွေ အကုန်သိမ်း၍ ငြိမ်းအေးတဲ့လမ်းပါလား၊ ဒီလမ်းပေါ် သာတက်မိလို့ ဒီအတိုင်း လျှောက်လို့ရှိရင်ဖြင့်၊ အဆိုးဟူသ၍ ကုန်ပြီး၊ အကောင်းဟူ သ၍ အကုန်ကြုံတော့မှာပါပဲလားလို့ ဆုံးဖြတ်ချက်ချရမယ် . . . (မှန်လှပါဘုရား)။

ကဲ- ဒါဖြင့် လမ်းမှန်တရားသည်ကားလို့ဆိုရင် ဘာ ပါလိမ့်မတုံးဆိုတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက- ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာ။ ဒုက္ခ နိရောဓ ဆိုတာ ဒုက္ခချုပ်တာ၊ ဘယ်ဒုက္ခချုပ်တုံး မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ အလုံးစုံ ခင်ဗျားတို့မကြိုက်တဲ့ဒုက္ခဟူသ၍ အကုန်ချုပ်ပဲ. . . (မှန်လှပါဘုရား)။

ဒုက္ခနိရောဓ၊ ဒုက္ခက-ဒုက္ခ၊ နိရောဓက-ချုပ်တာ ဂါမိနီက-ရောက်မှာ၊ ဒုက္ခ၏ချုပ်ရာကို ရောက်မယ်. . . (မှန်

ပါ)၊ ပဋိပဒါ သို့သော်လည်း ဒီအတိုင်းတော့ မရောက်ဘူးပေါ့ တဲ့ ကျင့်ရလိမ့်မယ်။

ဒုက္ခက ဆင်းရဲတာနော်. . . (မှန်ပါ)၊ နိရောဓက. . (ချုပ်တာ)၊ ချုပ်တာ ဂါမိနိက ရောက်မှာ၊ ဒုက္ခချုပ်ရာကို ရောက်မှာ၊ ဒီအတိုင်းရောက်မှာလားလို့မေးတော့ ပဋိပဒါတဲ့ ကျင့်ရလိမ့်ဦးမယ်ပေါ့. . . (မှန်လှပါဘုရား)။

နည်းနည်းကျင့်ရလိမ့်မယ်၊ တစ်လုံးချင်းပြောနေတယ် ကွ မောင်ချစ်ဆွေရ. . . (မှန်ပါ့ဘုရား)၊ ဒါမှ အကုန်ရှင်းသွား အောင်လို့၊ ဒုက္ခကဆင်းရဲတာနော် ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)၊ နိရောဓက. . . (ချုပ်တာပါဘုရား)၊ ဒါဖြင့် ဒုက္ခချုပ်တယ်။

ဂါမိနိက-ရောက်တာ၊ ပဋိပဒါက-အကျင့်. . . (အကျင့်ပါဘုရား)၊ အေး- ဒုက္ခတို့၏ချုပ်ရာချုပ်ကြောင်း နေရာကို ရောက်မဲ့အကျင့်ဆိုတော့၊ အို- လမ်းမှကောင်းလိုက် တဲ့လမ်း ဘာပြောစရာရှိတုံး. . . (ပြောစရာမရှိပါဘူးဘုရား)။

ဘာမှပြောစရာမရှိအောင် မှန်ကန်ပြီးသကာလ လိုချင်ရင်းဖြင့် ဆိုက်ရတော့မှာပဲဆိုတာ၊ ခင်ဗျားတို့ ဝမ်းမြောက်လို့မဆုံးအောင်ဖြစ်မဲ့ အသွားပါပဲ၊ ယနေ့ နာရမဲ့ တရားကဖြင့်. . . (မှန်လှပါဘုရား)။

ကဲ- ဒါဖြင့် မင်းတို့ယောကျ်ားတွေဘက်က ကျေနပ်ကြပလားဟေ့၊ ဒုက္ခက ဘာတုံးကွ၊ မင်းတို့ယောကျ်ားတွေဘက်က ဒုက္ခကဘာတုံး. . . (ဆင်းရဲတာပါဘုရား)၊ အဲ-နိရောဓက . . . (ချုပ်တာပါဘုရား)၊ ဒါဖြင့် ဆင်းရဲတာချုပ်မယ်တဲ့ကွ. . . (မှန်လှပါဘုရား)။

ဂါမိနိက·ရောက်တယ်တဲ့ကွ၊ ပဋိပဒါက ဘာတုံး. . (အကျင့်ပါဘုရား)၊ အကျင့် ဒါဖြင့် ဒုက္ခတို့၏ချုပ်ရာရောက်ကြောင်းအကျင့်၊ အကျင့်လမ်းကောင်းပဲ၊ ဒုက္ခတို့၏ချုပ်ရာရောက်ကြောင်း အကျင့်လမ်းကောင်းပဲဆိုတော့ တကယ့်အားတက်စရာနေ့ကြီးပါလား. . . (မှန်လှပါဘုရား)။

## အလွန့်ကိုကျေးဇူးများမည့်နေ့

အလွန်ကို ကျေးဇူးများမဲ့နေ့၊ အလွန်ကို မင်္ဂလာကျက်သရေတိုးမဲ့နေ့ပဲ၊ ဆင်းရဲပွဲဟူသ၍ အကုန်ဇာတ်သိမ်း၊ ချမ်းသာပွဲဟူသ၍သည်ကားလို့ဆိုရင် အကုန်ကိုယ်ပိုင်ဖြစ်. . . (မှန်လှပါဘုရား)။

ဒီလိုဖြစ်ရမဲ့နေ့ကြီးဖြစ်ပြီးသကာလ နေသောကြောင့် ဒီဟာကို ဒုက္ခတို့၏ချုပ်ရာသို့ရောက်ကြောင်း အကျင့်လမ်းကောင်းကို ယနေ့ပြောရမှာဖြစ်လို့၊ ကိုထွန်းအောင်ရေ သိပ်

ဝမ်းသာစရာကောင်းတယ်. . . (ဝမ်းသာစရာကောင်းပါတယ် ဘုရား)၊ သိပ် ဝမ်းသာစရာကောင်းပါတယ်။

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ ပြောကြပါစို့တဲ့၊ ဒီဥစ္စာ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ကတမာစ ဘိက္ခဝေ ဒုက္ခေ၊ နိရောဓ ဂါမိနိ ပဋိပဒါ အရိယ သစ္စံ ဆိုတော့၊ ကတမာစဘိက္ခဝေ သမ္မာဒိဋ္ဌိ ဆိုတော့၊ ဒီနေ့ သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ဒကာ ဒကာမတို့ မှတ်လိုက်ပါ၊ မဂ္ဂင်ရှစ်ပါးထဲ ခေါင်းဆောင်ပဲ. . . (မှန်လှပါ ဘုရား)။

မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတာ ဘာပါလိမ့်. . . (ခေါင်းဆောင်ပါဘုရား)၊ သမ္မာက-မှန်တာ၊ ဒိဋ္ဌိက-မြင်တာ ဟုတ်လား. . . (မှန်လှပါ)၊ အမှန်မြင်တရားကို စပြောမယ် . . . (မှန်လှပါဘုရား)။

အမှန်မြင်တရားကို စပြောမယ် ဒကာ ဒကာမတို့. . (မှန်လှပါဘုရား)၊ နိဗ္ဗာန်သွားတဲ့ဥစ္စာ အမှန်မြင်တဲ့မျက်လုံး အရင်တပ်ပေးမှ ခင်ဗျားတို့လမ်းကို ဒီလမ်းမပေါ် သို့ သွားနိုင်မှာပေါ့. . . (မှန်လှပါဘုရား)။

## အမှန်မြင်တဲ့မျက်လုံးကို တပ်ပေးမည့်နေ့

အဲ- ဒါကြောင့် အမှန်မြင်တဲ့မျက်လုံးကို ရှေးဦးစွာ တပ်ပါ့မယ်၊ ဘာလုပ်မှာတုံး အခုဟောမဲ့တရားဆိုတာကော

သိပလား. . . (သိပါပြီဘုရား)၊ အမှန်မြင်တဲ့မျက်လုံးလေး တပ်ပေးမယ်။

ဒါပဲ၊ ဒကာ ဒကာမတွေ သန္တာန်၌ ယနေ့ ဆရာဘုန်းကြီးက ဘာကိုတန်ဆာဆင်ပေးမှာတုံးဆိုတာကော သိပလား. . . (သိပါပြီဘုရား)၊ အမှန်မြင်တဲ့မျက်လုံးကို တပ်ပေးမဲ့နေ့ပဲ. . . (မှန်လှပါဘုရား)။

ဘာတပ်ပေးမှာတုံး. . . (အမှန်မြင်တဲ့မျက်လုံးကို တပ်ပေးမဲ့နေ့ပါဘုရား)၊ အေး- အမှန်မြင်တဲ့မျက်လုံးကို တပ်ဆင်ပေးမယ် အမှန်မြင်တဲ့မျက်လုံးကို တပ်ဆင်ပေးမယ်တဲ့။

အောင်မာ- ဒါဖြင့် တပည့်တော်တို့ ဘာဖြစ်နေလို့တုံးလို့မေးမနေနဲ့တော့. . . (မှန်လှပါဘုရား)၊ အမှားမြင်တဲ့မျက်လုံးသာရှိနေလို့. . . (မှန်လှပါ)၊ အမှန်မြင်တဲ့မျက်လုံးတပ်ရမယ်. . . (မှန်လှပါဘုရား)။

## တပည့်တော်တို့ ဘာဖြစ်နေလို့တုံး

တပည့်တော်တို့ ဘာဖြစ်နေတုံးလို့ ဘာမှမတွေးတော့ပါနဲ့. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ခင်ဗျားတို့မှာ နဂိုက ဘာမျက်လုံးရှိတုံး. . . (အမှားမျက်လုံးရှိပါတယ်ဘုရား)။

အမှားမျက်လုံးတွေရှိပြီးသကာလနေတော့ ဆရာဘုန်းကြီးက ဒီနေ့ဖြင့် အင်း- ဒါဖြင့် လမ်းမှန်တရားကို ပြောရတော့မယ်ဆိုတော့၊ လမ်းမှန်တရားကို မှတ်နိုင်အောင်၊ မြင်နိုင်အောင်ဟုတ်လား၊ ကျင့်နိုင်အောင်ဆိုတော့ ခင်ဗျားတို့ကို အမှန်မြင်တဲ့မျက်လုံး တပ်ပေးရလိမ့်ဦးမယ်. . . (မှန်လှပါဘုရား)။

သမ္မာဒိဋ္ဌိမျက်လုံးပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ သမ္မာက မှန်တာနော်. . . (မှန်ပါ့ဘုရား)၊ ဒိဋ္ဌိက မြင်တာနော် . . . (မြင်တာပါဘုရား)၊ ဒါဖြင့် အမှန်မြင်တဲ့မျက်လုံးပေါ့ဗျာ။

ကဲ ဒါဖြင့် အားလုံး ဒကာ ဒကာမတို့၊ ယနေ့ခင်ဗျားတို့ကို ဘာတန်ဆာဆင်ပေးရမှာတုံးဆိုတာကော ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)၊ ဘာတုံးဗျ. . . (အမှန်မြင်တဲ့မျက်လုံးတပ်ဆင်ပေးမှာပါဘုရား)။

အေး- အမှန်မြင်တဲ့မျက်လုံးကို တပ်ဆင်ပေးရမယ် ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## မျက်လုံးဟောင်းတွေ အကုန်ပြောင်း

အမှန်မြင်တဲ့မျက်လုံးကို တပ်ဆင်ပေးရမယ်ဆိုလို့ရှိရင်ဖြင့်၊ အင်း- တို့သည်ကားလို့ဆိုရင်ဖြင့် အကုန်ပြောင်းတော့မှာပဲ၊ နဂိုမျက်လုံးအဟောင်းတွေ အကုန်ပြောင်း၊ အမှန်မြင်တဲ့

မျက်လုံးတွေ တပ်မိ၊ ဆင်မိ ဒီလိုမှသာလျှင် ခင်ဗျားတို့ ခလုတ် မထိ ဆူးမငြိနဲ့ လိုရာခရီးကို ပေါက်ပေါက်ရောက်ရောက်ကြီး အထမြောက်မှာပေါ့. . . (မှန်လှပါဘုရား)၊ ဟုတ်ပလား. . . (မှန်လှပါဘုရား)။

ဒါဖြင့် အမှန်မြင်တဲ့မျက်လုံးကိုဖြင့် ရတော့မှာပဲ၊ ကြုံတော့မှာပဲ၊ ဆုံရတော့မှာပဲ ဆိုတဲ့ဥစ္စာသည် သေသေချာချာ ယနေ့ဖြင့် ကောင်းပါပြီလို့ ဆုံးဖြတ်ချက်ချကြပါတော့. . . (မှန်လှပါဘုရား)။

ကဲ- ဒါဖြင့် ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ဆိုတော့ သမ္မာက-အမှန်၊ ဒိဋ္ဌိက-မြင်တာ၊ သမ္မာဒိဋ္ဌိ အမှန်ကိုမြင်တဲ့ မျက်လုံးဆိုတော့ အမှန်မြင်တဲ့မျက်လုံးနဲ့ တပ်ကြည့်လိုက်လို့ ရှိရင်ဖြင့် ဒီ အမှန်မြင်တဲ့မျက်လုံးဟာ ဉာဏ်မျက်လုံးလို့ မှတ်လိုက်ပါ. . . (မှန်လှပါဘုရား)။

အမှန်မြင်တဲ့မျက်လုံး ဘာမျက်လုံးခေါ်ကြမလဲ. . . (ဉာဏ်မျက်လုံးပါဘုရား)၊ အဲ့ဒီ ဉာဏ်မျက်လုံးဟာ စာလိုသုံးတော့ သမ္မာဒိဋ္ဌိ သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

မြန်မာလိုသုံးတော့ အမှန်မြင်တဲ့ဉာဏ်မျက်လုံး ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ မြန်မာလိုသုံးလိုက်တော့ ဘာတဲ့. . . (အမှန်မြင်တဲ့ဉာဏ်မျက်လုံးပါဘုရား)။

အေး- အမှန်မြင်တဲ့ဉာဏ်မျက်လုံးလို့ အသေအချာ မှတ်ကြပါ။ အမှန်မြင်တဲ့ဉာဏ်မျက်လုံးဆိုတာ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ဉာဏ်မျက်လုံးနဲ့ ဘယ်ကိုကြည့်ရမှာလဲ

အေး- ဒါဖြင့် ယနေ့တပ်ပေးမှာ အမှန်မြင်တဲ့ဉာဏ် မျက်လုံး၊ အဲတော့ ဘယ်ကြည့်ရမှာတုံးဘုရား၊ အရှင်ဘုရား တပ်တော့ တပ်ပေးမှာပဲ၊ ဘယ်ကြည့်ရမှာတုံးလို့မေးတော့ ခင်ဗျားတို့ ယခု လက်ရှိခန္ဓာကိုယ်ကြည့်ရမှာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အမှန်မြင်တဲ့မျက်လုံး တပ်ပေးလို့ရှိရင်၊ ခင်ဗျားတို့ ဘယ်ကိုကြည့်ခိုင်းမယ်ထင်တုံး. . . (ယခု လက်ရှိခန္ဓာကိုယ် ကြည့်ပေးရမှာပါဘုရား)။

အင်း- ဒါဖြင့် တပည့်တော်တို့ မြင်ထားတာတွေ အများချည့်မို့ပေါ့. . . (မှန်လှပါဘုရား)၊ အမှန်မြင်တဲ့မျက်လုံး တပ်ပြီးကြည့်ခိုင်းမှာကလည်း ဒီကိုယ်ပဲတဲ့. . . (မှန်လှပါ ဘုရား)။

နဂိုက တပည့်တော်တို့ ဒီကိုယ်မြင်သားပဲဆိုငြားသော် လည်း မမြင်ဘူး. . . (မှန်လှပါဘုရား)၊ အများမျက်လုံးကြီးနဲ့ မြင်နေတာ. . . (မှန်လှပါဘုရား)၊ အမှန်မြင်တဲ့မျက်လုံးနဲ့

ယခုတပ်ပြီးကြည့်ခိုင်းမဲ့နေ့ကွ မောင်ချစ်ဆွေရ. . . (မှန်လှပါဘုရား)။

ဟော့ မင်းတို့ယောကျ်ားတွေဘက်က ရိပ်မိပလားကွ . . . (ရိပ်မိပါတယ်ဘုရား)၊ ဘယ်မျက်လုံးနဲ့တပ်ပြီးကြည့်ခိုင်းမှာတုံး. . . (အမှန်မျက်လုံးနဲ့တပ်ပြီး ကြည့်ခိုင်းမှာပါဘုရား)။

အေး- အမှန်မြင်တဲ့မျက်လုံးနဲ့တပ်ပြီးသကာလ ဒကာဒကာမတွေကို ပင်ကိုအရှိခန္ဓာကြီးကိုကြည့်ခိုင်းမှာပဲ. . . (မှန်လှပါဘုရား)။

တပည့်တော်တို့ ရှေးတုံးကတော့ ကိုယ့်ကိုယ်ကိုတော့ ကိုယ်မြင်သားပေါ့ဗျာ၊ အဲ့ဒါက မင်းတို့က အမှားမျက်လုံးကြီးနဲ့မြင်နေတာကွ. . . (မှန်လှပါ)။

အမှားမျက်လုံးကြီးနဲ့မြင်နေလို့၊ ယခုတပ်ဆင်ပေးတဲ့ အမှန်မြင်တဲ့မျက်လုံးနဲ့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တော့ တစ်မျိုးကိုပြောင်းလိမ့်မယ်ဟေ့. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အစကစပြီး မြင်ပေးမည့်နေ့

တစ်မျိုးပြောင်းမဲ့မျက်လုံး တပ်ပေးရမှာပဲ. . . (မှန်လှပါဘုရား)၊ ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ယနေ့သည်ကား အစကပြင်ပေးမဲ့နေ့နဲ့တူတယ်. . . (မှန်လှပါဘုရား)။

အစကပြင်ပေးမဲ့နေ့ပါပဲဆိုတာ ကျေနပ်ကျပလား. . (ကျေနပ်ပါတယ်ဘုရား)၊ အမှန်မြင်တဲ့မျက်လုံး တပ်ပေးမယ် ဆိုကတည်းက၊ ကျုပ်တို့မြင်ထားတာတွေဟာ အမှားချည့် မို့ပေါ့. . . (အမှားချည့်ပါဘုရား)။

အဲ- မွေးကတည်းက မိဘရိုးရာအစဉ်တစိုက် လျှောက်ပြီး သင်လာလိုက်တာ၊ ဒါ အဖေဟဲ့၊ ဒါ အမေဟဲ့၊ ဒါ မောင်ဟဲ့၊ ဒါ မောင်ဖွားဟဲ့၊ ဒါ နှမဟဲ့၊ ဒါ ညီငယ်ဟဲ့ ဟုတ်လား ဒါ တူဟဲ့. . . (မှန်လှပါ)။

ဒါတွေ သင်ထားတာက တစ်မျိုးဟုတ်လား၊ ချော တယ်၊ လှတယ်၊ ရုပ်ဆိုးတယ်လို့ သင်ထားတာက တစ်မျိုး ဟုတ်လား. . . (တစ်မျိုးပါဘုရား)။

အကျည်းတန်တယ်၊ စက်ဆုပ်စရာဟဲ့ဆိုတာ၊ ပုတယ်၊ ကွတယ်၊ တိုတယ်လို့ သင်ထားတာက တစ်မျိုး. . . (တစ်မျိုး ပါဘုရား)၊ အဲ့ဒါတွေချည့် ခင်ဗျားတို့မြင်လာတာပဲ. . . (မှန်ပါ့ ဘုရား)။

ဘယ်တော့မှ ဒုက္ခသစ္စာရယ်လို့ကို မြင်ကိုးမမြင်ဘူး (မမြင်ပါဘူးဘုရား)၊ ရှိတာက ဒုက္ခသစ္စာ၊ မြင်တာက ချော တယ်၊ လှတယ်၊ ရုပ်ဆိုးတယ်၊ တူသားနာမည်ဖြစ်နေတယ်. . (မှန်လှပါဘုရား)၊ ဆိုတော့ အမှန်မျက်လုံးကို ရသေးရဲ့လား (မရပါဘူးဘုရား)။

မရတော့ဖြင့် ယနေ့သည်ကားလို့ဆိုလို့ရှိရင်၊ အမှန်မျက်လုံးတပ်ပြီးသကာလ၊ ခင်ဗျားတို့လက်ရှိခန္ဓာကြီးကို ကြည့်ခိုင်းရလို့ရှိရင်ဖြင့်၊ ရှေးမူတွေ ပျောက်၍ ဘုရားမူပေါ် ပေါက်လာတော့မှာပဲ. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ရှေး ခင်ဗျားတို့ ငယ်မူတွေပျောက်ပြီးသကာလ ဘုရားမူပေါ် ပေါက်လာတော့မယ်၊ အမှန်မြင်မျက်လုံးနဲ့ ကြည့်ရလို့ရှိရင်ဖြင့် အမှန်ရှိတကယ်ရှိကို မြင်တော့မယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား)။

မနည်းပါပဲလား၊ ဒီမျက်လုံးကို မနည်းဟောနေရပါလားဟေ့၊ ကဲ ဒါဖြင့် ဒကာ ဒကာမတို့ အမှန်မျက်လုံးဆိုတာ သမ္မာဒိဋ္ဌိရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သမ္မာဒိဋ္ဌိ၊ သမ္မာက မှန်တာ၊ ဒိဋ္ဌိက မြင်တာ၊ ကောင်းပြီ ဒါဖြင့် အမှန်မြင်တာကို တပ်ပေးမယ်ဆိုလို့ရှိရင်ဖြင့်၊ အမှန်မြင်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ကြီးကို ပြန်ပြီးသကာလ အမှန်မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ဘာတွေမြင်ရမလဲလို့ မေးတဲ့အခါ ကျလို့ရှိရင်ဖြင့်၊ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ရုပ်၊ နာမ်ကို မြင်လာလိမ့်မယ်. . . (မှန်လှပါဘုရား)။

## နာမ်တရားနဲ့ ရုပ်တရား

အမှန်မျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ ဩော် ယောကျ်ားလည်းမဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး၊ အသွားခိုင်းတာက နာမ်၊ သွားတာက ရုပ်၊ အပြောခိုင်းတာက နာမ်၊ ပြောတာက ရုပ် ဟုတ်လား.

ထိုင်ခိုင်းတာက နာမ်. . . (ထိုင်တာကရုပ်ပါဘုရား)၊ ထိုင်တာက ရုပ်၊ ထိုင်ခိုင်းတာက နာမ်၊ ထိုင်တာက ရုပ်၊ အင်း- ကွေးချင်တာက နာမ်၊ ကွေးတာက ရုပ်. . . (ရုပ်ပါဘုရား)။

ဆန့်ချင်တာက. . . (နာမ်ပါဘုရား)၊ ဆန့်တာက. (ရုပ်ပါဘုရား)၊ အဲ့တော့ ဒကာ ဒကာမတွေ၊ အင်း- ဒီဥစ္စာက ကွေးတယ်၊ ကွေးချင်တာက နာမ်၊ ကွေးတာက ရုပ်၊ ဆန့်ချင် တာက နာမ်၊ ဆန့်တာက ရုပ်ဆိုတော့ ခု ကိုယ့်ဟာကိုယ် ထိုင်နေကြတယ်၊ ဒကာ ဒကာမတွေ ဩော်- ထိုင်ချင်လို့ ထိုင်တာ ဟုတ်ကြရဲ့လား. . . (မဟုတ်ပါဘူးဘုရား)၊ ဟုတ် တယ်ဗျာ၊ ထိုင်ချင်လို့ထိုင်တာပေါ့ မထိုင်ချင်ရင် ဒီကျောင်း တောင်မလာဘူး ခင်ဗျားတို့ ဟုတ်ပလား. . (မှန်လှပါဘုရား)။

ထိုင်ချင်တာကလေးက နာမ်ပေါ့ဗျာ. . . (မှန်လှပါ ဘုရား)၊ ထိုင်ချင်တဲ့စိတ်ကလေးက ဘာတုံး. . . (နာမ်ပါ ဘုရား)၊ ထိုင်နေတဲ့အထည်ကလေးက. . . (ရုပ်ပါဘုရား)။

အေး- ဒါဖြင့် အမှန်မျက်လုံးတပ်ပြီးကြည့်လိုက်တော့ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ နာမ်ရုပ်တွေလား. . . (နာမ်ရုပ်တွေပါဘုရား)။

ဒါ အမှန်မျက်လုံးတပ်လာပြီ. . . (တင်ပ့ါ)၊ အမှန်မျက်လုံးလေး နည်းနည်းတပ်ပေးတာ၊ အမှန်မျက်လုံးလေး နည်းနည်းတပ်ပေးလိုက်တဲ့အခါကျတော့၊ အေး- ယောကျ်ားတွေလား၊ မိန်းမတွေလား ဘာတွေပါလိမ့်. . (နာမ်ရုပ်တွေပါဘုရား)။

## ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်

အေး- နာမ်ရုပ်တွေတဲ့၊ နာမ်ရုပ်တွေ ဒါ အမှန်မျက်လုံးလေးတပ်ပေးလိုက်တာနဲ့၊ အင်း- ပင်ကိုအရှိကလည်း ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်၊ ထချင်တာက နာမ်၊ ထတာက ရုပ်ဆိုတာလေးဟာက ဟုတ်သားပဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့ပဲ ကိုယ်တိုင်စဉ်းစားကြည့်ရင် ပေါ်ပါတယ်။

ထိုင်ချင်တဲ့သဘောလေးဟာ စိတ်ဆိုတဲ့နာမ်ကလေး ဟုတ်လား၊ ဒီစိတ်ကလေးပေါ်လာလို့ရှိရင်၊ တစ်ခါတည်း ရုပ်ကြီးဟာ အောက်ကိုတစ်ခါတည်း အောက်တဖြေးဖြေး နိမ့်နိမ့် နိမ့်နိမ့် မလာဘူးလား. . (နိမ့်နိမ့်လာပါတယ်ဘုရား)။

နိမ့်နိမ့်ပြီးသကာလ ထိုင်ချတော့တာပဲ. . . (မှန်လှပါ)၊ ဟုတ်ဖူးလား. . . (မှန်လှပါ့)၊ အဲ့တော့ ထိုင်ချင်တဲ့စိတ်ကလေး (ဝါ) နာမ်ကလေး၊ စိတ်ကို နာမ်ခေါ်တာနော်. . . (မှန်လှပါ)။

## ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ရုပ်ပေါ်လာတယ်

ထိုင်ချင်တဲ့ စိတ်နာမ်ကလေး ပေါ်လာလို့ရှိရင်၊ ထိုင်ရက်ကြီး တစ်ခါတည်း ခင်ဗျားတို့ ကိုယ်တိုင်ပဲ ပြောင်းသွားတာပဲ. . . (ပြောင်းပါတယ်ဘုရား)။

အရင်မတ်တပ်နေသေးရဲ့လား. . . (မနေပါဘူးဘုရား)၊ အင်း- ဒါဖြင့် ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ချင်တဲ့စိတ်ကလေးက ထိုင်ဟဲ့ ဆိုတာနဲ့ ခင်ဗျားတို့သန္တာန်မှာ ထိုင်ရုပ်ကြီးတစ်ခါတည်းပေါ်မလာပေဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ထချင်တဲ့စိတ်ကြောင့် ထရုပ်ကြီးဖြစ်နေတယ်

ကဲ- ထချင်တဲ့ စိတ်ကလေးပေါ်လာပြန်တော့၊ ဒီရုပ်ကြီးဟာ တစ်ခါတည်း ဒီရုပ်ကြီးဟာ ထရုပ်ကြီးဖြစ်နေတယ် (ထရုပ်ကြီးဖြစ်ပါတယ်ဘုရား)။

အင်း- ဒါတွေသည်ကားဆိုရင် ဒကာ ဒကာမတွေက စဉ်းစားလိုက်တာပေါ့၊ အင်း- မွေးကတည်းက မြင်တာလား၊ အခုမှ ဆရာဘုန်းကြီးပြောတာနဲ့ အမှန်မျက်လုံးနဲ့ကြည့်လို့ မြင်တာလားလို့ မေးရင် ဘယ်နဲ့ဖြေကြမတုံး. . . (ဆရာဘုန်းကြီးပေးတဲ့ အမှန်မျက်လုံးနဲ့ မြင်တာပါဘုရား)။

## တစ်ကိုယ်လုံးမှာ နာမ်ရုပ်သာရှိတယ်

အမှန်မျက်လုံးနဲ့မြင်လာတာ၊ အင်း- ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်၊ ထချင်တာက နာမ်၊ ထတာက ရုပ် အင်း- တို့တစ်ကိုယ်လုံးမှာ ယောကျ်ားလည်းမရှိဘူး၊ မိန်းမလည်းမရှိဘူး၊ နာမ်ရုပ်သာရှိတယ်ဆိုတာက ယောကျ်ား၊ မိန်းမဆိုတာ အပြောသမုတိသစ္စာသာ ဟုတ်တာ (မှန်လှပါ)။

တကယ်ရှိတာကဖြင့် နာမ်ရုပ်သာရှိတယ်ဆိုတဲ့ အဓိပ္ပာယ်သည် ရှင်ကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီမျက်လုံးဟာက အမှန်မြင်မျက်လုံး. . . (အမှန်မြင်မျက်လုံးပါဘုရား)၊ ရှင်းပလား. . (ရှင်းပါပြီဘုရား)၊ သမ္မာဒိဋ္ဌိမျက်လုံးပေါ့ဗျာ. . . (မှန်လှပါ)။

သမ္မာက-မှန်တာနော်. . . (မှန်လှပါ)၊ ဒိဋ္ဌိက-မြင်တာနော်. . . (မှန်ပါ့)၊ ဒါဖြင့် အမှန်မြင်တဲ့မျက်လုံးနဲ့ အခု ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တဲ့အခါကျတော့၊ ယောကျ်ား

တွေလား၊ မိန်းမတွေလား လို့ မေးလိုက်လို့ရှိရင် ဘယ်နဲ့ဖြေကြမတုံး. . . (နာမ်ရုပ်တွေပါဘုရား)။

## တစ်သံသရာလုံး အမြင်မှားနဲ့အချိန်ကုန်ခဲ့ရတယ်

အေး- ဒါက အရင်တုံးက တစ်သံသရာလုံးတော့ ဒီအမြင်မှား ဒီအမြင်မှန်ကို မရခဲ့တော့၊ အမြင်မှားနဲ့ပဲ အချိန်ကုန်လာခဲ့ကြတယ်. . . (အချိန်ကုန်လာပါတယ်ဘုရား)။

အချိန်ကုန်လာခဲ့ကြတဲ့အခါကျတော့၊ အမြင်မှားနဲ့ အချိန်ကုန်လာခဲ့ကြတဲ့အခါကျတော့၊ ဩော်- လမ်းမှားလိုက်တယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ခုလို အမြင်မှန်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ခုမှပဲ လမ်းမှန်၊ နည်းမှန်ကလေး ကျပေတော့တယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါ စကာရှိသေးတယ်၊ စကာရှိသေးတယ် ဒကာ ဒကာမတို့။

သမ္မာဒိဋ္ဌိ အမြင်မှန်ကလေးကို စပြခါရှိသေးတယ်၊ မျက်လုံးမှန်ကလေးနဲ့ မြင်ကာစပဲရှိသေးတယ်။

အဲတော့ ဒီဥစ္စာဘယ်ကျမှပဲ ဒီဥစ္စာသည် ဒီမျက်လုံးတပ်မိသတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ခု ဆရာဘုန်းကြီးများနဲ့ကြုံလို့ ဆုံတဲ့အခါကျမှ ဆိုကြပါစို့. . . (မှန်လှပါဘုရား) နော်။

## ယောကျ်ား၊ မိန်းမတွေလား၊ နာမ်ရုပ်တွေလား

နဂိုတုံးကတော့ ပြောသံကြားပေါ့ဗျာ. . . (မှန်ပါ့)၊ ပြောသံကြားသာဖြစ်ခဲ့တယ်၊ ယခုတော့ဖြင့် ဒကာ ဒကာမတို့ ပြောသံကြားလား၊ ကိုယ့်ကိုယ်ထဲမှာပဲ သွားကြည့်တဲ့အခါကျ တော့ ယောကျ်ားမိန်းမတွေလား၊ နာမ်ရုပ်တွေလား. . . (နာမ်ရုပ်တွေပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲ့တော့ အိမ်က လာခဲ့ကြတယ်ဆိုသဖြင့် လာချင် တာက နာမ်၊ လာတာက ရုပ်. . . (မှန်လှပါ)၊ လှမ်းချင်တာ က နာမ်၊ လှမ်းတာက ရုပ်. . . (ရုပ်ပါဘုရား)။

နောက်တစ်ခါ လှမ်းပြန်တော့လည်း လှမ်းချင်တာ က နာမ်ပါဘုရား၊ လှမ်းတာက ရုပ်ဆိုတော့ အို နာမ်ရုပ် တစ်လှမ်း၊ နာမ်ရုပ်တစ်လှမ်း၊ နာမ်ရုပ်တစ်လှမ်း၊ နာမ်ရုပ်တစ် လှမ်းနဲ့ လာခဲ့ကြတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းကြလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါသည်ကားလို့ဆိုရင် အမှားမျက်လုံးနဲ့ကြည့်လို့ လား၊ အမှန်မျက်လုံးနဲ့ကြည့်လို့လား. . . (အမှန်မျက်လုံးနဲ့ ကြည့်လို့ပါဘုရား)။

အဲ့တော့ အမှန်မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့်၊ ဒါ နည်းမှန်လမ်းမှန်မြင်တာ. . . (မှန်လှပါဘုရား)၊ ရှင်းကြလား. . . (ရှင်းပါပြီဘုရား)။

အဲ မင်းတို့ယောဂီများတွေဘက်က ဘယ်နဲ့တုံးကွ. . (ရှင်းပါပြီဘုရား)၊ နည်းမှန်လမ်းမှန်မြင်ပလားကွ. . . (မြင်ပါပြီဘုရား)၊ အဲ- နည်းမှန်လမ်းမှန်ပဲတဲ့၊ ဒါ နည်းမှန်လမ်းမှန်ပဲ ဆိုတော့။

ခုမှ ဩော် လမ်းမှန်ပေါ် တက်မိပါပေါ့လား၊ လမ်းမှန်ပေါ် တက်စပြုပါပေါ့လားလို့ ဒါလောက်ပဲရှိသေးတယ်၊ လမ်းမှန်ပေါ် တက်စရှိပါပေါ့လားလို့ ဒါလောက်ပဲဖြစ်ပါသေးတယ်တဲ့။

## အိမ်ကလာခဲ့တာ နာမ်နဲ့ရုပ်ပဲ

အဲတော့ ဒကာ ဒကာမတို့၊ ဒါ သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ တပ်ပြီးသကာလကြည့်လိုက်တာ၊ သမ္မာဒိဋ္ဌိမျက်လုံးတပ်ပြီး ဆရာဘုန်းကြီးပေးတဲ့ အမှန်မြင်မျက်လုံးလေးနဲ့ တပ်ပြီး သကာလကြည့်လိုက်တဲ့အခါကျတော့၊ အင်း- ယောကျ်ားတွေလည်းမဟုတ်ဘူး၊ မိန်းမတွေလည်းမဟုတ်ဘူး၊ အိမ်ကလာခဲ့တာ နာမ်နဲ့ရုပ်ပဲ. . . (မှန်လှပါဘုရား)။

ဒီထိုင်နေတာကော. . . (နာမ်နဲ့ရုပ်ပါဘုရား)၊ တော်တော်ကြာ ပြန်ကြဦးမယ်၊ တရားပွဲသိမ်းလို့ရှိရင် ဘယ်သူတွေများပြန်ကြဦးမှာတုံး. . . (နာမ်နဲ့ရုပ်ပြန်မှာပါဘုရား)။

အဲ့ဒါ ဘာမျက်လုံးနဲ့ကြည့်တာတုံး. . . (အမှန်မျက်လုံးနဲ့ကြည့်တာပါဘုရား)၊ အင်း- အမှန်မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျတော့ ပင်ကိုယ်ရှိ၊ တကယ်ရှိ မွေးကတည်းက ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့။

မွေးကတည်းက အမိဝမ်းခေါင်းထဲရောက်ကတည်းက နာမ်နဲ့ရုပ်ကလေးရောက်လာတာ ဟုတ်ဘူးလား. . . (မှန်လှပါဘုရား)၊ နောက်ဘဝ ကံကပြုပြင်လိုက်တာက လူကလေး ပြုပြင်လိုက်သလားတဲ့၊ အမိဝမ်းခေါင်းထဲမှာ သွားကြည့် ရောက်စမှာ သွားကြည့် ခင်ဗျားတို့ လူကိုမပါဘူး. . . (မပါ ပါဘူးဘုရား)။

ဟုတ်လား၊ ပဋိသန္ဓေစိတ်ရယ် ဟုတ်လား၊ ပဋိသန္ဓေစိတ်ရယ် ပြီးတော့မှ ရုပ်ကလေးရယ် ဒီနှစ်ခုပဲ ပါတယ်. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အမိဝမ်းခေါင်းထဲ ဘာကလေးရောက်လာတုံး

အမိဝမ်းခေါင်းထဲရောက်တုန်းက ဘာလေးရောက်လာတုံးဆိုတော့၊ စိတ်နဲ့ရုပ်ရယ် (ဝါ) နာမ်နဲ့ရုပ်ပဲ သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)။

အမိဝမ်းခေါင်းထဲရောက်ကတည်းက ဘာရောက်လာတုံး. . . (နာမ်နဲ့ရုပ်ပါဘုရား)၊ အင်း- နောက်ဘဝ ကံက

နေပြီးပြုပြင်လိုက်ကတည်းက၊ အမိဝမ်းခေါင်းထဲမှာ ဒကာဒကာမတွေရော၊ ဘုန်းကြီးများရော ရောက်ပြီးသကာလ၊ နာမ်နဲ့ရုပ်ပဲရောက်လာတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါ နာမ်နဲ့ရုပ်ရောက်တော့၊ ဒီပြင်ဖက်ကျမှ ခင်ဗျားတို့က ယောကျ်ားတွေ၊ မိန်းမတွေနဲ့၊ ငါတွေနဲ့၊ သူတွေနဲ့၊ တစ်ခါတည်းရှုပ်ပွေပြီးသကာလ၊ အရင်းတွေအကုန်ပျောက် အဖျားတွေနဲ့ ဆွေမျိုးဖြစ်နေလိုက်တာက ဘာတုံး ခင်ဗျားတို့က မျက်လုံးမှားဖြစ်လို့ပေါ့. . . (မျက်လုံးမှားဖြစ်လို့ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခုတော့ အစက စရှင်းပေးတယ်လေ. . . (မှန်လှပါဘုရား)၊ မင်းတို့ အမိဝမ်းခေါင်းထဲရောက်လာတော့ အမိဝမ်းခေါင်းထဲမှာ ဘာလေးပေါ်လာတုံးဆိုလို့ရှိရင်ဖြင့် နာမ်ရုပ်ပဲပေါ်လာတာမို့လား. . . (နာမ်ရုပ်ပဲပေါ်ပါတယ်ဘုရား)။

နာမ်ရုပ်ပေါ်လာတော့ နဂိုကတည်းက နာမ်ရုပ်နဲ့မူတည်လာတဲ့ဥစ္စာ ခုရှိတာဘာတုံး. . . (နာမ်ရုပ်ဖြစ်လာတာပါဘုရား)။

ဘယ်နဲ့ ဒီကျမှခင်ဗျားတို့က ယောကျ်ားတွေ၊ မိန်းမတွေ၊ ငါတွေ၊ သူတွေနဲ့ မောင်ချစ်ဆွေတို့က ရှုပ်ပွေနေလိုက်

တာကွာ၊ နဂိုပင်ကိုရင်းကိုပျောက်လို့. . . (ပျောက်နေပါတယ်ဘုရား)။

အဲ့ဒါ မင်းတို့သည်ကားဆိုရင် ပင်ကိုအရင်း ပျောက်တာ တစ်ခြားကြောင့်ပျောက်တာမဟုတ်ဘူးတဲ့၊ ပြင်ဘက်ကျမှ သူများပြောသံကြား သုတမရ ဟုတ်လား၊ သူများပြောသံကြား အနုသဝ အစဉ်ရှောက်သိတဲ့အသိသည် ဟုတ်လား. . . (မှန်ပါ့)။

အစဉ်ရှောက်သိ၊ ပြောသံကြားသိ၊ သူများပြောတာယုံကြည်သိ၊ ပြောသံကြားသိ အဲဒီ အသိတွေကြောင့် ခင်ဗျားတို့မှာ ခု တစ်ခါတည်း ပင်ကိုလာတာကြီး ပျောက်ပြီးယောကျ်ားပဲဟ၊ မိန်းမပဲဟ၊ မိန်းမပေမဲ့ ဘာကိစ္စရှိရမတုံး၊ ယောကျ်ားပေမဲ့ ဘာကိစ္စရှိရမတုံး အစရှိသည်နဲ့ ယောကျ်ားတွေ မိန်းမတွေ ဖြစ်ပြီးသကာလ နေလိုက်ကြတာ မူလဘူတကြီးကို၊ အားလုံး ဒကာဒကာမတွေ ပျောက်ဘူးလား . . . (ပျောက်ပါတယ်ဘုရား) ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။

## နာမ်ရုပ်မူတည်တော့ နာမ်ရုပ်ပဲလာမှာပဲ

မူတည်ကတည်းက ခင်ဗျားတို့ အမိဝမ်းခေါင်းထဲဘာနဲ့ မူတည်တုံး . . . (နာမ်နဲ့ရုပ်ပါပဲဘုရား) သို့ ဒီ နာမ်နဲ့

ရုပ်မူတည်တော့ ယခုတော့ ဘာဖြစ်ဦးမှာတုံး နာမ်ရုပ် ရေသောက်မြစ်နဲ့ ဥစ္စာ နာမ်ရုပ်ပဲလာမှာပဲ . . . (မှန်လှပါ ဘုရား)။

တခြားဘာလာစရာရှိတုံး . . . (ဘာမှ လာစရာ မရှိပါဘူးဘုရား) အဲ့ဒါ ခင်ဗျားတို့က တခြား ဘာမှလာစရာ မရှိတော့ ခုတော့ဖြင့် ယောက်ျားတွေရုပ်လို့၊ ငါတွေရုပ်လို့၊ သူတွေရုပ်လို့ ဟင် (မှန်လှပါဘုရား)။

တော်ကြာ နာမ်ရုပ်တွေပျောက်ပြီး၊ ငါတွေ သူတွေ ရုပ်မနေဘူးလား . . . (ရုပ်နေပါတယ်ဘုရား) ယောက်ျား တွေကော မိန်းမတွေကော ရုပ်မနေဘူးလား . . . (ရုပ်နေပါ တယ်ဘုရား)။

ဘာတွေပျောက်သွားတုံးဆိုရင် ဘယ်နဲ့ပြောကျမတုံး (နာမ်ရုပ်တွေ ပျောက်သွားပါတယ်ဘုရား) အဲ ခင်ဗျားတို့ ခုတော့ဖြင့် အဲဒီနာမ်ရုပ်၊ ပင်ကိုရှိနာမ်ရုပ်ကို ပြန်ပြီး ဆရာဘုန်းကြီးက လမ်းမှန်မျက်လုံးကလေးနဲ့ ဟုတ်လား . . . (မှန်လှပါ)။

အမှန်မျက်လုံးကလေး တပ်ပေးလိုက်တဲ့အခါ ကျ တော့ ဒကာဒကာမတွေ ပင်ကိုရှိလေး မူလဘူတဟာလေးပါ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

မောင်ချစ်ဆွေ . . . (မှန်ပါတယ်ဘုရား) မူလဘူတ ဟာပါပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား) ဟော့ . . . မောင်လှည္ဆန့်တို့ ကဲ ဘာပေါ်လာတုံးကွ . . . (မူလဘူတ ပေါ်လာပါတယ်ဘုရား)။

## ရုပ်နာမ်အသစ်၊ အသစ်တွေ ရောက်လာတယ်

အဲ မူလဘူတကလည်း ဘာရှိတုံးကွ . . . (နာမ်ရုပ် ပါဘုရား)။ အဲ့ဒါတွေကို လမ်းမှန်မျက်လုံး၊ အမှန်မျက်လုံးလေး တပ်ကြည့်တဲ့အခါကျတော့ မင်းတို့အိမ်ကလာခဲ့တာ တစ်လှမ်း တစ်လှမ်းသွားတာက နာမ်၊ သွားတာက ရုပ်၊ ဟုတ်လား . . . (မှန်ပါ့)။

## တစ်ဆင့်တစ်ဆင့်နဲ့ နာမ်ရုပ်တွေကူးပြောင်းလာ

လှမ်းချင်တာက နာမ်၊ လှမ်းတာက ရုပ်နဲ့ ဒီတစ်ဆင့် တစ်ဆင့်၊ တစ်ဆင့် တစ်ဆင့်နဲ့ နာမ်ရုပ်တွေ ကူးပြောင်း၊ ကူးပြောင်း၊ ကူးပြောင်းပြီး နာမ်ရုပ် အသစ်အသစ်တွေနဲ့ ရောက်ရောက် မလာကျဘူးလား . . . (ရောက် ရောက် လာပါတယ်ဘုရား)။

အဲဒါသည်ကားလို့ဆိုရင် အမှန်မျက်လုံးတပ်ပေးတာ အမှန်မျက်လုံးတပ်ပေးလို့ အမှန်မြင်တာ. . . (အမှန်မြင်

တာပါဘုရား) အင်း အမှန်မျက်လုံးတပ်ပေးလို့ အမှန်မြင်တာ . . . (အမှန်မြင်တာပါဘုရား)။

အင်း . . . အခုမှပဲ ကိုယ့်အကြောင်း ကောင်းကောင်းသိပေတော့တယ်လို့ ယနေ့ဆိုကြ. . . (မှန်လှပါဘုရား) မိမိအကြောင်း မိမိကောင်းကောင်းသိတာသည် အမှန်မျက်လုံး၊ ဆရာဘုန်းကြီးတပ်ပေးတာနဲ့ ကောင်းကောင်းသိလာတယ် . . . (ကောင်းကောင်းသိလာပါတယ်ဘုရား)။

နို့မဟုတ် ဘယ်ကလာတာ သိမတုံးကွာ . . . (မသိပါဘုရား) မသိတော့ဘူးကွ မောင်မြင့်တို့ရ (မှန်လှပါ) ခုသိပြီလား ကဲ. . . (သိပါပြီဘုရား)။

အဲဒါကြောင့် သမ္မာဒိဋ္ဌိ၊ သမ္မာက အမှန်နော် (မှန်လှပါ) ဒိဋ္ဌိက မြင်တာနော် (မှန်ပါ့) အမှန်မြင်တဲ့ မျက်လုံး တပ်ပေးပြီကွ . . . (မှန်လှပါဘုရား)။

## နာမ်ရုပ်နဲ့ပဋိသန္ဓေနေခဲ့ပြီး အခုလဲ နာမ်ရုပ်ပဲ

အမှန်မြင်တဲ့ မျက်လုံးတပ်ပေးတဲ့အခါကျတော့ ဒကာဒကာမတွေ ပင်ကိုအမိဝမ်းခေါင်းထဲက မူလဘူတ ဖြစ်စဉ်အတိုင်းပဲ၊ ယခုလည်း နာမ်ရုပ်ပဲ၊ နဂိုတုံးကလည်း နာမ်ရုပ် ပဋိသန္ဓေနေခဲ့တော့၊ ပြင်ဘက်မွေးတော့လည်း နာမ်ရုပ် (နာမ်ရုပ်ပါဘုရား)။

နည်းနည်းကလေး အရွယ်လေးရောက်လာတော့လ ဘာတုံး . . . (နာမ်ရုပ်ပါဘုရား) ဒီထက်ကြီးလာတော့လည်း . . . (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ပဲဆိုတော့။

အဲ . . . ဒကာဒကာမတွေ ခုမှပဲ အင်းမျက်လုံးမှန်ကလေးရသွားတယ်။ အမှန်အကန်မြင်တဲ့ မျက်လုံးလေးရသွားတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) အမလေး နို့မဟုတ်ရင် မင်းတို့ မျက်လုံးကို ကန်းနေတာပေါ့ . . . (မှန်လှပါ)။

အမှန်မျက်လုံးမရှိဘူး. . . (မှန်လှပါဘုရား) အမှားမျက်လုံးကြီးနဲ့ ဒေါ်ခန့်တို့ ဒေါ်ရွှေတို့က အချိန်ကုန်နေလိုက်တာ (မှန်လှပါဘုရား) ဟုတ်လား၊ အဲဒီအချိန်တွေ ဘုန်းကြီးက နှမြောတယ်. . . (မှန်လှပါဘုရား)။

ဘယ်နဲ့ကြောင့် ဘာကြောင့် အဲဒီအချိန်တွေ နှမြောသလဲလို့ ဒကာဒကာမတွေ မေးလို့ရှိရင်၊ ခင်ဗျားတို့ အမှားမျက်လုံးကြောင့် ခုဒုက္ခတွေရောက်နေကြတာ . . . (မှန်လှပါဘုရား)။

## အမှားချည်းလုပ်ခဲ့လို့ အပူချည်းတွေ့ခဲ့တယ်

ရောင်းဟဲ့ ဝယ်ဟဲ့ သားပူ၊ လင်ပူ ဟုတ်လား. . . (မှန်လှပါဘုရား) ရပ်ပူ၊ ရွှေပူ၊ မျိုးပူ ဟုတ်လား. . . (မှန်လှ

ပါဘုရား) စစ်အပူတွေ အမျိုးမျိုး မမိခဲ့ကျဘူးလား. . . (အမျိုးမျိုးမိခဲ့ပါတယ်ဘုရား)။

အဲတာ ဘယ်မျက်လုံး အမှားမျက်လုံး တပ်ပြီးသကာလ နေမိတဲ့အတွက်ကြောင့်၊ အမှားချည့် ရှောက်လုပ်လာသမျှ အပူချည့် တွေ့လာခဲ့တယ်. . . (မှန်လှပါဘုရား)။

နဂိုကတော့ ဒီလို ဆရာဘုန်ကြီးကောင်းနဲ့ တွေ့လို့အမှန်မျက်လုံး တပ်ပေးမယ်ဆိုလို့ရှိရင် ခင်ဗျားတို့ သားပူ၊ ဆွေပူ၊ မျိုးပူ၊ ခင်ပွန်းပူ ဟုတ်လား. . . (မှန်လှပါဘုရား)။

## ရှေးလူကြီးတွေ ပြောတဲ့မျက်လုံး

တွေ့ပ့ါမလား. . . (မတွေ့ပါဘူးဘုရား)၊ ခုတော့ အမှန်မျက်လုံးက တပ်ပေးမဲ့လူ မရှိတော့၊ ကိုယ့်ပင်ကို မျက်လုံး ပြောသံကြား မျက်လုံးကြီးနဲ့. . . ဟုတ်လား. . . သူများ ရှေးလူကြီးတွေ ပြောတဲ့ မျက်လုံး ဟုတ်လား. . . (မှန်လှပါဘုရား)။

ကိုယ့်ဟာကို ကြံဆတဲ့ မျက်လုံး အဲ့ဒီမျက်လုံးတွေနဲ့ ခုနေလာခဲ့ကြတာ အဲ့ဒီမျက်လုံးတွေအတိုင်း လိုက်ပြီး သကာလ လျှောက်လုပ်လာလိုက်ကျတော့၊ ခုတော့ဖြင့် ဒုက္ခပင်လယ် ဝေပါပေ့ါလား. . . (မှန်လှပါဘုရား)။

ဘယ်မျက်လုံးနဲ့တုံးဗျ. . . (အမှားမျက်လုံးနဲ့ပါ ဘုရား) အေး. . . ပြောသံကြား မျက်လုံး. . . (မှန်လှပါ ဘုရား)၊ ဟုတ်လား. . . အစဉ် လျှောက်လာတဲ့ မျက်လုံး (မှန်လှပါဘုရား)။

ကိုယ့်စိတ်နဲ့ ကိုယ်တွေးပြီးသကာလ၊ ကိုယ့်သဘောနဲ့ ကိုယ် မပိုင်ပဲနဲ့ တွေးတဲ့မျက်လုံး. . . (မှန်လှပါဘုရား)။ အဲဒိ မျက်လုံးနဲ့ ခင်ဗျားတို့ နေကြထိုင်ကြပြီ။

သားတန်းလန်း၊ သမီးတန်းလန်း၊ ဆွေတန်းလန်း၊ ကြွေးတန်းလန်း၊ ရစရာတန်းလန်း ဟုတ်ပလား. . . (မှန်လှပါဘုရား)။

အဲဒိ တန်းလန်းနဲ့ ခု နေ့ပူ ညမဆဲ ဆိုတဲ့ဥစ္စာ နေ့လည်းပူ၊ ညလည်းမအား အဲဒိ အပူပွဲကြီး နွဲနေရတာက ခင်ဗျားတို့ ဘယ်နဲ့ကြောင့်တုံးဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာတုံးဗျာ. . . (အမှားမျက်လုံး ကြည့်မိလို့ပါ ဘုရား) အမလေး အမှားမျက်လုံး ဘယ်တုံးကစမှားခဲ့တုံး ဆိုတော့ အရင်းကို ပျောက်တယ်. . . (မှန်လှပါဘုရား)။

ပဋိသန္ဓေ နေတုံးက နာမ်ရုပ်ပါ တစ်ခါတည်း ပျောက် ပြီးသကာလ ခင်ဗျားတို့က အမှားမျက်လုံးကြီးနဲ့ အသားယူ ပြီးသကာလ တစ်ခါတည်း အိမ်ထောင်တည်ထောင်ကြ

ဟုတ်လား၊ ဝတ်ကြ၊ ဆင်ကြ၊ ပြင်ကြ၊ ကြွားကြ၊ မော်ကြ၊ မောက်ကြ၊ ဟောဒါတွေနဲ့ ခုတော့ဖြင့်ဗျာ -

ကောင်းစားစရာတွေလား၊ ဆိုးဝါးစရာတွေသာ များနေတော့တယ်ဆိုတဲ့ဥစ္စာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်

ခုတော့ မရုန်းနိုင် မကန်နိုင်ပေါ့ဗျာ. . . (မှန်လှပါဘုရား) ဒုက္ခကြီးမှ ဟင် (မှန်လှပါ) လှည်းသမားက လှည်းနွားလို မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

နောက်ဆုတ်ပြန် လှည်းတုတ်တဲ့. . . (မှန်လှပါ) ရှေးတိုးပြန် ထမ်းပိုးတဲ့. . . (မှန်လှပါ) ဘယ်နားဆုတ်သာ တက်သာ ရှိသေးလား. . . (ဆုတ်သာ၊ တက်သာမရှိပါဘူးဘုရား)။

အမလေး ဘယ်မျက်လုံး နှိပ်စက်လိုက်တာတုံး. . . (အမှားမျက်လုံး နှိပ်စက်ပေးလိုက်တာပါဘုရား) အမလေး ဒီလိုအမှန်မျက်လုံးများ ပေးရမယ်ဆိုတဲ့၊ ပေးတဲ့ဆရာကောင်း သမားကောင်းနဲ့ တွေ့မယ်ဆိုလို့ရှိရင်၊ ခင်ဗျားတို့ ဒီရုန်းတဲ့ ဝန်တွေ ခု တွေ့တဲ့ အပူပွဲကြီးတွေ ဟုတ်လား. . . (မှန်လှပါဘုရား)။

အဆွေးပွဲကြီးတွေ၊ မျက်ရည်ကျပွဲကြီးတွေဟာ အကုန် ဇာတ်သိမ်းသွားမယ်. . . (ဇာတ်သိမ်းမှာပါဘုရား) မသိမ်း ပေဘူးလား. . . (သိမ်းမှာပါဘုရား) သိမ်းမှာပဲတဲ့. .

ခုတော့ မျက်လုံးမှားကြီးနဲ့ ရှေးပေါရာဏ မျက်လုံးမှား တစ်ဆင့်ကြား မျက်လုံးမှား၊ ကိုယ့်ဟာကိုယ် ဘာနဲ့နေတုံး ဆိုရင် တစ်ခါတလေများ သက်ပိုင်းကြီးများချပြီး နေလိုက်တာ ဟင် ဆိုတဲ့ အသံကြီးဟာ ကြောက်စရာကြီးကို ဖြစ်လာတယ် (မှန်လှပါဘုရား)။

မဖြစ်ဘူးလား ဖြစ်လား ခင်ဗျားတို့. . . (ဖြစ်ပါတယ် ဘုရား) ဖြစ်လိုက်တဲ့ဖြစ်ခြင်း သက်ပြင်းကြီးများချလို့ဆိုတာ ဒေါ်ရွှေဖြစ်ဖူးရဲ့လား. . . (ဖြစ်ဖူးပါတယ်ဘုရား)။

ကိုင်း ဘယ်လောက်ဆိုးသတုံးဆို. . . (ဆိုးပါတယ် ဘုရား) အဲ့ဒီလောက်ထိအောင် ဆင်းရဲခဲ့တာ ဘယ်မျက်လုံး ကြောင့်တုံး (အမှားမျက်လုံးကြောင့်ပါဘုရား)။

အဲ ဒါကြောင့် အမှန်မျက်လုံးဆိုတဲ့ဥစ္စာဟာ အထူး အရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါ ပြီဘုရား)။

## အဂ္ဂိဒတ္တ ပုဏ္ဏားကြီး

ခင်ဗျားတို့ ကလို မဆိုထားပါနဲ့၊ ဒီ ဒကာ ဒကာမတွေ လို့ကို မဆိုထားပါနဲ့၊ အမှန်မျက်လုံးမရလို့ရှိရင်ဖြင့် အမှား

မျက်လုံးနဲ့ နေရလို့ ဒုက္ခတွေ့ကြုံတယ်ဆိုတာ၊ နောက်ဆုံးပိတ် နိဗ္ဗာန်ဝင်မဲ့ အင်္ဂုဒတ္တဆိုတဲ့ ပုဏ္ဏားကြီးတောင်၊ ခင်ဗျားနှယ် ဒီဘဝ နိဗ္ဗာန်ဝင်မှာတောင်၊ အမှားမျက်လုံးကြီးနဲ့ သူ့မှာဖြစ်နေလို့ ဟို. . . အကျပ်အတည်းတွေ့နေတာပေါ့. . . (တင်ပါ့ဘုရား)။

အမှားမျက်လုံးကြီးနဲ့ ဒီဘဝ နိဗ္ဗာန်ဝင်မဲ့လူ ဒါတောင် အမှားမျက်လုံးကြီးနဲ့ သူရနေတယ်၊ အင်္ဂုဒတ္တမှာလေ. . . (မှန်လှပါ) အင်္ဂုဒတ္တ။

အင်္ဂုဒတ္တရသေ့ကြီးမှာ တစ်ခါတည်း အမှားမျက်လုံးကြီးနဲ့ ဖြစ်ပြီးသကာလနေတော့၊ သူက ပသေနဒီ ကောသလမင်းကြီးရဲ့ ပုရောဟိတ် ပုဏ္ဏားကြီး ဖြစ်ပြီးသကာလ၊ သူ ပုရောဟိတ် ပုဏ္ဏားလည်း မလုပ်ချင်တော့ပါဘူးလေဆိုပြီးတော့ တောထွက်မှပါပဲဆိုပြီး၊ ရှင်ဘုရင်ဆီ တောင်းပန်ပြီး တောထွက်သွားတော့။

သူကလည်း ပညာရှိကြီး တစ်ဦးလုပ်ပြီးသကာလနေတော့၊ တစ်ခါတည်း သူ့နောက် ပုဏ္ဏားတွေက ထောင်ကိုးရာ တစ်ခါတည်း သူတောထွက်တယ်ဆိုတော့ အကုန်လိုက်ပေါ့။

လိုက်သွားပြီး၊ သူက တောထဲဆရာကြီးလုပ်ပြီး သကာလ၊ အမှားမျက်လုံးကြီးနဲ့ ဒေါ်ခန့်ရေ တရားဟောတာ ပေါ့ (မှန်လှပါဘုရား)။

## အများမျက်လုံးကြီးနဲ့ဆရာလုပ်တယ်

ဟော့! တောင်တွေကိုးကွယ်ကြကွ၊ တောတွေကိုးကွယ်ကြကွ၊ စည်းစောင်ရန်းတွေ ကိုးကွယ်ကြကွ၊ သစ်ပင်ကြီးတွေ ကိုးကွယ်ကြကွ၊ ဒါ ကိုးကွယ်လို့ရှိရင် မင်းတို့သည်ကားလို့ရှိရင် ဇော်ခေါသရဏံ ခေမံ၊ ဇော်၊ သရဏ မုတ္တမံ။

ဒါမှ ဘေးမထိ ရန်မခမယ်၊ ရန်တို့မသွယ်ပဲနဲ့ အန္တရာယ်ကင်းပြီး နိဗ္ဗာန်ရောက်မယ်။

ကဲ. . . မဟောလိုက်ဘူးလား. . . (မှန်လှပါဘုရား) အဂ္ဂိဒတ္တက ဟောတာလေ. . . (မှန်လှပါဘုရား)။

တော ကိုးကွယ်ကြ၊ တောင် ကိုးကွယ်ကြ၊ တောင်ပို့ကိုးကွယ်ကြ၊ သစ်ပင်ကြီးတွေ ကိုးကွယ်ကြ၊ စည်းစောင်ရန်းတွေ ကိုးကွယ်ကြ။

ဒါတွေ မင်းတို့သည်ကားလို့ ဘေးမခ ရန်မသွယ် အန္တရာယ်ကင်းတဲ့ နိဗ္ဗာန်ဆီ ရောက်မယ်. . . (မှန်လှပါဘုရား) ဘယ်နဲ့တုံး ဒကာ ဒကာမတွေ (အများမျက်လုံးပါဘုရား)။

အများမျက်လုံးကြီးနဲ့ ဟောထားပြီ. . (မှန်လှပါ)။ မဟောဘူးလား. . . (ဟောပါတယ်ဘုရား) အများမျက်လုံးနဲ့ ဟောထားလိုက်တာမှ၊ မကိုးကွယ်ကောင်းတာတွေကို၊ အကုန်

သူ့တပည့်တစ်ထောင်ကိုးရာတွေကို ဒါတွေချည့်ပဲ ဟောတော့တာပဲ (မှန်ပါ့)။

ဒီပြင် သူကလည်း အမှားမျက်လုံးနဲ့ဟောတော့၊ ဟိုကလည်း အမှားမျက်လုံးနဲ့ ပုဂ္ဂိုလ်တွေက၊ ဟုတ်တယ်တို့လည်း ကိုးကွယ်ရမယ် ဆိုပြီးတော့ တောတွေ၊ တောင်တွေ၊ ရေတွေ၊ မြေတွေ လျှောက်ပြီးသကာလ ကိုးကွယ်နေကျတာ. . . (မှန်လှပါဘုရား)။

## အချို့ပင်စိမ်းပင် ကိုးကွယ်ကြတယ်

ခု ဟိန္ဒူတွေ ဘာတွေကြည့်ပါလား၊ ကိလေသာရေ မျောတယ်ဆိုတော့ ရေကိုးကွယ်နေတာ သူတို့. . . (မှန်လှပါဘုရား) သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)။

တချို့တောင်ပို့ ကိုးကွယ်တာတွေကော ရှိတာပဲ (ရှိပါတယ်ဘုရား) တချို့ ပင်စိမ်းပင် ကိုးကွယ်တာတွေလည်း ရှိတာပဲ. . . (ရှိပါတယ်ဘုရား) တချို့ ညောင်ပင်ကိုးကွယ်တာတွေကော. . . (ရှိပါတယ်ဘုရား)။

ဗောဓိညောင်ရယ်လို့မှ မဟုတ်ဘူး၊ ညောင်မြင်သရွေ့ ကိုးကွယ်တာ. . . (မှန်လှပါဘုရား) အဲ့ဒါတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အမှန်မျက်လုံးဆိုတာ မတပ်ရသေးခင်တော့ဖြင့် ရမ်းချင်သလို ရမ်းနေတာပဲ. . . (မှန်လှပါဘုရား)။

အဲတော့ ခင်ဗျားတို့ကိုလည်း အခု အမှန်မျက်လုံး တပ်ပေးမှသာလျှင်၊ ခင်ဗျားတို့ အကိုးအကွယ် မမှားမယ် (မှန်လှပါဘုရား)။

နို့မဟုတ်ရင် ခင်ဗျားတို့ အကုန်ကိုးကွယ်မယ် (မှန်လှပါဘုရား) အကုန်ကိုးကွယ်မယ်၊ သစ်ပင်တွေ့မယ် ခင်ဗျားတို့ ဝတ်ချချင် ချမဲ့လူစားတွေ ဖြစ်လာမယ်. . . (မှန်လှပါဘုရား) ဟုတ်ပလား. . . (မှန်လှပါဘုရား)။

ဘယ်လောက်ဆိုးဝါးတယ်ဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် အမှန်မျက်လုံး တပ်ပေးမှသာလျှင် ခင်ဗျားတို့ အကိုးအကွယ်လည်း မှန်ပြီးသကာလ အရောက်လည်း မှန်တော့မယ်ဆိုတာဖြင့် ဆုံးဖြတ်ချက်ချရလိမ့်မယ်. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီ အဂ္ဂိဒတ္တ ရသေ့ကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ တပည့်ပေါင်း ထောင်ကိုးရာနဲ့ တစ်ခါတည်း တောကိုးကွယ်ကြ၊ တောင်ကိုးကွယ်ကြ၊ ဗဟူဝေ သရဏံ ယန္တိ ပဗ္ဗတာနိ ဝနာနိစ=တောတွေတောင်တွေ အကုန်ကိုးကွယ်ကြ အာရာမရုက္ခာ စေတယာနိ-အရန်သစ်ပင်တွေလည်း ကိုးကွယ်ကြ။ မနုဿာ ဘယ တဇ္ဇိတတဲ့ လူတွေ ဘေးအန္တရာယ်ကင်းတာ ဒါတွေကိုးကွယ်မှ ကင်းတာတဲ့။

ဒီလို့ကို ဟောနေတာပဲ. . . (မှန်လှပါဘုရား) တော်ခေါ် သရဏံ ခေမံ တော်သရဏ မုတ္တမံ-တဲ့ ဒါတွေ ကိုးကွယ်လို့ရှိရင် ဘေးမရှိဘူးကွတဲ့။

တော် ခေါ် သရဏံ ခေမံတဲ့ ဒါတွေ လေးစားလို့ရှိရင် မင်းတို့ ဘေးမရှိဘူးတဲ့၊ တော် သရဏ မာဂမ္မ သဗ္ဗဒုက္ခာ ပမုစ္စတိ တဲ့၊ ဒါတွေကိုးကွယ်လို့ရှိရင် အလုံးစုံ ဒုက္ခက လွတ်လိမ့်မယ်ပေ့ မောင်ချစ်ဆွေ ဟောချလိုက်တာ. . . (မှန်လှပါဘုရား)။

တစ်ခါတည်း အင်္ဂုဒတ္တ ဟောချလိုက်တာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား) တောတွေတောင်တွေ ကိုးကွယ်ကြကွတဲ့၊ ဒီစည်းစောင်ရန်းတွေ ကိုးကွယ်ကြကွတဲ့၊ အဲဒါကိုးကွယ်လို့ရှိရင် ဒုက္ခမျိုးစုံမှ လွတ်လိမ့်မကွာ ဒီလို့ကို ဟောချလိုက်တယ်. . . (မှန်လှပါဘုရား)။

ဘယ်လောက်များဆိုးတုံး. . . (ဆိုးပါတယ်ဘုရား) အဲ. . . တပည့်ပေါင်း တစ်ထောင်ကျော် ရှိတယ်. . . (မှန်လှပါ) တပည့်ပေါင်း တစ်ထောင်ကျော်ဟာ တစ်ခါတည်း ရသေ့တွေလုပ်ပြီး ဒါတွေချည့် ဟောထားတာပဲ. . . (မှန်လှပါ)။

နောက်တော့ သူတို့ပဲ ဒီအခါမှာ ကြီးကြီးကျယ်ကျယ် သူကလည်း ဂုဏ်ရှိသိမ်ရှိ ပုရောဟိတ် ပုဏ္ဏားကြီးက ရသေ့

ကြီး ဖြစ်လာတယ်ဆိုတော့၊ အင်မတန်မှ သူက ဂုဏ်ရှိ သိမ်ရှိ ဖြစ်နေတော့ ဟို. . . ကောသလတိုင်း တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်းက လူတွေကလည်း အကုန်ကိုးကွယ်ကျတယ်။

သူဟောတဲ့တရားမှန်တယ်။ တောတောင်ကိုးကွယ်တယ်ဆိုလို့ရှိရင်ဖြင့် ချမ်းသာမယ်၊ ကျန်းမာမယ်၊ အန္တရာယ်ကင်းမယ်၊ နိဗ္ဗာန်ရောက်မယ်။

ဟို. . . ဥပုသ်နေ့ ဥပုသ်နေ့ဆိုလို့ရှိရင် ဒေါ်ခန့်လာလိုက်တဲ့တိုင်းကြီး သောဠသကလူတွေ နည်းတာမဟုတ်ဘူး အင်္ဂတိုင်း၊ မာဂဓတိုင်း အကုန်လာတယ်. . . (မှန်လှပါဘုရား)။ ဘယ်လောက် တန်ခိုးကြီးနေတယ်ဆိုတာ သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)။

## ဟောတဲ့တရားကမမှန်ဘူး

ဟ-ဟောတဲ့တရားကတော့ အမှန် မျက်လုံးမရှိလို့ မှန်ရဲ့လား. . . (မမှန်ပါဘူးဘုရား)၊ မမှန်ဘူးတဲ့။

အမှန် မျက်လုံး ကောင်းကောင်း မတပ်ရသေးဘူး မျက်လုံးစပြီးသကာလ ခု နည်းနည်းလေး ချိန်ခါစရှိသေးတယ်. . . (မှန်လှပါ)။

သို့သော်လည်း ဒီ အဂ္ဂိဒတ္တရသေ့ကြီးဟာ ဤကဲ့သို့ ဟောပြီး သကာလနေတော့၊ သူ့တဲလေးနဲ့ သူ့တဲလေးနဲ့ သူ့

စိတ်ထဲ အောက်မေ့တယ်၊ တစ်ခါတည်း ဒီ ငါဟောနေတဲ့ တရားတွေ မှန်လို့ပေါ့။

အားလုံး ဆည်းကပ်ကြတာ၊ အားလုံး လေးစားကြတာဆိုပြီး၊ သူ့မှာ ဆရာကြီးလုပ်ပြီး သကာလနေတော့ ဘဝင်တောင်မြင့်နေလိုက်သေးတယ်။

## ဉာဏ်တော်ထဲမှာ အဂ္ဂိဒတ္တရသေ့ထင်လာတယ်

အမှားလည်း ဟောသေးတယ်၊ ဘဝင်ကလည်း မြင့်နေလိုက်သေးတယ်. . . (မှန်လှပါဘုရား) တစ်နေ့သ၌ ကျလာတဲ့အခါကျတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မနက်မိုးလင်းတဲ့အခါ ဉာဏ်မှန်ကြီးထောင်ကြည့်လိုက်တဲ့ အခါကျတော့. . .

အဂ္ဂိဒတ္တ ရသေ့ကြီး ဉာဏ်ထဲမှာ အရိပ်ထင်တယ်။ ဉာဏ်မှန်အရိပ်ထင်တယ်. . . (မှန်လှပါဘုရား) အင်း. . ဘာပါလိမ့်မတုံးလို့ ကြည့်လိုက်တော့။

ဩော်. . . အဂ္ဂိဒတ္တ ရသေ့ကြီး တရားမှားတွေ ဟောကုန်ပါပေါ့လား၊ သတ္တဝါတွေလည်း ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်လောက်ပြီ သူလုပ်ထာနဲ့။

အင်း သူ့သွားပြီး ချွတ်မှ တော်တော့မယ်လို့ဆိုပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကြံစီလိုက်တယ်။

## ရှင်မောဂ္ဂလာန်ကို အရင်လွှတ်တယ်

သို့သော်လည်း လေ ရှေ့တော်ပြေး ရှင်မောဂ္ဂလာန် ခေါ်ပြီး လွှတ်ဦးမှပါပဲဆိုပြီး၊ တစ်ခါအရှင်မောဂ္ဂလာန်ခေါ်၊ အရှင်မောဂ္ဂလာန် လာခဲ့ဦးဆိုပြီး ခေါ်တဲ့ပြီး သကာလ၊ မင်းဟာ အင်္ဂုဒတ္တရသေ့တရားများတွေ ဟောနေတာ သိပြီလား. . .။

ကြားပါတယ်ဘုရား၊ သိပါတယ်၊ အဲတာ မင်းသွားပြီး သကာလ နှိမ်နင်းရမယ်၊ တရားမှားတွေ ဟောကုန်ပြီ၊ ဘာမှ မဟုတ်တဲ့ တရားတွေ တော ကိုးကွယ်ကြ၊ တောင်ကိုးကွယ်ကြ၊ စည်းစောင်ရန်း ကိုးကွယ်ကြ။

အန္တရာယ်ကင်းမယ်၊ ဘေးကင်းမယ်၊ ဒုက္ခမှ လွတ် လိမ့်မယ်လို့ ဟောနေတယ်၊ နိဗ္ဗာန်ဆိုတာ တစ်လုံးမှမပါဘူး ဒုက္ခလွတ်ရာ အဲ့ဒါ မင်းသွားချည်ရမယ်ဆိုတော့. . .

အရှင်ဘုရားတဲ့-တပည့်တော် သွားရမယ်ဆိုရင် အရှင်မောဂ္ဂလာန်ဆိုတာ တန်ခိုးအရာမှာအကြီးဆုံးပေါ့ဗျာ- (မှန်လှပါဘုရား) အင်္ဂုဒတ္တက တကယ့်တိုင်းကြီးသော ဥသန့် တကွ ကိုးကွယ်ဆည်းကပ်ပြီးသကာလနေတာ တပည့်တွေ ကလည်း နည်းတာမဟုတ်ဘူး (မှန်လှပါ)။

## သွားလို့ဖြစ်ပါ့မလားတဲ့

တပည့်တော် တစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား၊ ဒီလောက်တောင် ကြောက်ရတယ်. . . (တင်ပါ့)၊ ဘယ်လောက်ဒီ တရားသာ မှားနေတာ၊ သူ့ဘုန်းတန်ခိုးက သေးတာမဟုတ်ဘူး. . . (မှန်လှပါဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလ သွားသာသွားနှင့်ပါကွာ၊ ငါ လာခဲ့ပါ့မယ်၊ နောက်က၊ နောက်က ငါလိုက်ခဲ့ပါ့မယ်လို့ ဘုရားက လွှတ်လိုက်ရတယ်. . . (မှန်လှပါဘုရား)။

ဒါနဲ့ အရှင်မောဂ္ဂလာန်ကသွား၊ အရှင်မောဂ္ဂလာန်က သွားတော့ သူတို့စုပြီးသကာလ တစ်ထောင်၊ နှစ်ထောင်စုပြီး သကာလ ရသေ့တွေ စကားပြောနေလို့ သွားလို့ရှိရင်၊ ငါက ဘယ်လိုပဲ တစ်ယောက်တည်းသွားပြော၊ ငါ အရှုံးပေးရမှာ (မှန်လှပါ)။

## အဘိညာဉ်နဲ့မိုးရွာချတယ်

မဖြစ်သေးဘူး၊ ဒီရသေ့တွေ လမ်းခွဲဦးမှပဲဆိုပြီး အဂ္ဂိဒတ္တတို့နေတဲ့နေရာ ရောက်တဲ့အခါကျတော့၊ အရှင်မောဂ္ဂလာန်က တစ်ခါတည်း သူ့တန်ခိုးနဲ့ မိုးရွာစေသတည်းဆိုပြီးတော့ကို အဘိညာဉ် ဖန်ဆင်းလိုက်တယ်၊ မိုးတွေ အကုန်ရွာတယ်. . . (မှန်လှပါဘုရား)။

မိုးတွေ ရွာတော့မှ ဆရာကြီး လုပ်တဲ့ပုဂ္ဂိုလ်က ကဲ မိုးရွာပြီ၊ ကိုယ့် ကမ္မဋ္ဌာန်းကျောင်း ကိုယ်ပြန်ဆိုတော့ တစ်ယောက်စီ ဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

အဲဒီကျတော့မှ မိုးတွေအကုန် သူ့ကမ္မဋ္ဌာန်းကျောင်း သူ သွားကုန်တော့ မိုးတွေ ရွာပစ်ပြီးသည့်နောက်မှ ရှင်မောဂ္ဂလာန်က အဂ္ဂိဒတ္တ ဆရာကြီးဆီကို လမ်းကနေပြီး ဆီးခေါ်တယ်. . . (မှန်လှပါ)။

သူ့ တဲနားကနေပြီး လှမ်းခေါ်တယ်၊ အဂ္ဂိဒတ္တ၊ အဂ္ဂဒတ္တလို့ ခေါ်တော့ မထူးဘူး ဟိုက. . . (မှန်လှပါ) ဘယ်နဲ့ ငါ့ကို အဂ္ဂိဒတ္တ ခေါ်ရမယ်လို့ ဆရာကြီး ခေါ်ရမှာကိုးကွ. . . (မှန်လှပါဘုရား)။

သူကလည်း နည်းတဲ့ဆရာ မဟုတ်ပဲလား. . . (မှန်လှပါဘုရား) ဆရာကြီး ခေါ်ရမဲ့ ဥစ္စာကို၊ အဂ္ဂိဒတ္တလို့ ခေါ်တော့ မထူးဘူး ပေနေတယ်. . . (မှန်လှပါ)။

ဒါနဲ့နောက်တော့ အို ခေါ်ပါများတဲ့အခါကျတော့ သူက မထူးဘူး၊ ငါ့ကို အဂ္ဂိဒတ္တခေါ်တာ ဘယ်သူတုံး. . . ရဟန်းပါ ရဟန်းပေမဲ့၊ ရဟန်းပေမဲ့ ဘာလုပ်လာတုံး။

## တစ်ညလောက်တည်းခိုပါရစေ

ဒီမှာ တစ်ည တည်းခိုပါရစေ၊ အိုး. . . နေစရာ မရှိဘူး ဘောက်ပြောလိုက်တာ. . . (မှန်လှပါဘုရား) သူ့ ခေါ်ထားကတည်းက မုန်းနေပြီကောဗျ။

မုန်းနေပြီ၊ မုန်းနေတော့ နေစရာမရှိဘူး၊ ဟာ နေစရာမရှိလို့ ဘယ်ဖြစ်မလဲ၊ တစ်ညတော့ တည်းခိုရမှာပေါ့။ မင်းတို့ လည်း ဘာတုံး အရှင်မောဂ္ဂလာန်က မေးတော့ ရဟန်းပါ။

တို့လည်း ရဟန်းပဲကွ၊ ရဟန်း ရဟန်းချင်း ဆိုတာ လက်ခံရတယ်. . . (မှန်လှပါ) နေစရာမရှိဘူး လက်ခံပေမဲ့ နေစရာမရှိဘူး၊ လက်ခံချင်ပေမဲ့ နေစရာမရှိဘူး ကိုယ့်တဲနဲ့ ကိုယ်ကိုစေ့နေတာပဲ။

မဟုတ်ပါဘူးလေ နေစရာ တစ်ခုခုပေးပါ။ လုံးဝ နေစရာမရှိဘူးလား၊ မရှိဘူး။ နို့ ဟိုနားက တောင်ကြီးက ဘာတုံး၊ ဟိုနားက တောင်ခေါင်းကြီးက ဘာတုံး အို အဲ့ဒါက နဂါးနေတာ။

အဲ့ဒီနားမှာလည်း သဲတောင်ကြီးတွေ ရှိသေးတာကိုး (မှန်လှပါဘုရား) အဲဒီသဲတောင်ကြီးက သူတို့ ကိုးကွယ်နေတဲ့ နဂါး၊ အဲဒီနဂါးက နဂါးလည်း သူတို့က ကိုးကွယ်တယ်။ (မှန်လှပါဘုရား)။

အဲ့ဒီ သဲတောင်ကြီးကလည်း သူတို့ ရသေ့တွေပဲ စုပုံပြီး သကာလ လောဘ, ဒေါသ, မောဟ လာလို့ရှိရင် ကိုယ့်ကိုယ်ကို ဒဏ်ပေးကြဆိုပြီး သဲတွေ စုစုပြီး ထမ်းရတာကိုး ဗျ (မှန်လှပါ)။

လောဘလာလို့ရှိရင် ကိုယ့်ဟာကို သိလို့ရှိရင် ကိုယ်သဲထမ်း သဲထမ်းပြီး အဲ့ဒိနေရာသွားပုံ၊ ကြာတော့ တောင်ကြီး ဖြစ်နေတယ်။ လူတွေကလည်း များလွန်းလို့။

## နဂါးတောင်မှာ တည်းခိုခွင့်ရတယ်

အဲ့ဒိနဂါးကြီးက အဲ့ဒိတောင်ကြီးဖြစ်နေတာနဲ့ အဲ့ဒိ နဂါးကြီးက ဒီတောင်ကြီးထဲဖောက်ပြီး နဂါးကြီးကလည်း နေတာပဲ။ အဲဒိနဂါးကြီးကိုလည်း သူတို့က ကိုးကွယ် ဆည်းကပ်ပြီး နေရတယ်။ ကြောက်နေရတယ်. . . (မှန်လှပါ ဘုရား)။

ဒါနဲ့ အဲ့ဒိနေရာ ဘာနေရာတုံးလို့ အရှင်မောဂ္ဂလာန် က မေးလိုက်တယ်။ မေးလိုက်တဲ့အခါကျတော့ ဒီဥစ္စာ နဂါးနေတဲ့နေရာ၊ အို အဲ့ဒိနေရာ ပေးပ့ါလား၊ အို. . . သင် ဖွဲပြာဖြစ်သွားလိမ့်မယ်။

သိပ်တန်ခိုးကြီးတယ်၊ ဒီနဂါး ကျုပ်တို့ကိုးကွယ်နေရ တဲ့ နဂါး၊ ခု သင်ကသာ ခွင့်ပြုပါ ငါသွားနေပါမယ်. . . (မှန်လှပါဘုရား) မပေးချင်ဘူး. . . (သင်သေလိမ့်မယ်. . . ဆိုတော့ ဟာ ပေးသာပေးပါ ခွင့်ဆိုတော့။

အရှင်မောဂ္ဂလာန်က သွားပြီး သကာလနေတာ ပေ့ါကွာ. . . (မှန်လှပါ) သွားရင်ပဲ ဟိုနဂါးက သိပြီ၊ ဒီရဟန်း

ဟာ ငါရှိမှန်း မသိဘူးထင်တယ်။ ဟိုကလည်း မာန်နဲ့ ကိုးကွ. . . (မှန်လှပါ)။

**နဂါးရန်နှိမ်နင်းတယ်**

ဒါကြောင့် လာပြီဆိုပြီး သကာလ၊ တစ်ခါတည်း အရှင်မောဂ္ဂလာန်လာတယ်ဆို၊ နဂါးက နေဝင်ရီတရော ဖြစ်နေတော့ အခိုးတွေလွှတ်တော့တာပဲ၊ သူ့ဆီကို နဂါးက မှုတ်ပြီးတော့ အခိုးတွေ ထုတ်တယ်။

အရှင်မောဂ္ဂလာန်ကလည်း တန်းခိုးဖန်ဆင်းပြီး အခိုးတွေထုတ်၊ အခိုးတွေထုတ်တဲ့အခါကျတော့ အခိုးတွေ က တစ်ခါတည်း မီးတွေလိုနီပြီး တက်လာပြီးသကာလ၊ တာဝတိံသာ နတ်ပြည်လောက်ကျအောင် အခိုးတွေ နှစ်ဘက် တက်တာပေါ့. . . (မှန်လှပါဘုရား)။

ဒါနဲ့ ရသေ့တွေက ကြည့်ကြတယ်။ ဒီရဟန်းဟာ နဂိုက မသွားပါနဲ့ဆိုတာကို ခု နဂါးက မီးနဲ့ရှို့ပြီ။ အခိုးတွေနဲ့ လောင်အောင်လုပ်ပြီ၊ ဒီရဟန်းတော့ဖြင့် ခက်တော့မှာပဲ။ သူတို့ကဖြင့် စိုးရိမ်နေကြတာပေါ့ကွာ. . . (မှန်ပါ့ဘုရား)။

အခိုးတွေက နှစ်ယောက်စလုံး မမြင်ရတော့ဘူး. . (မှန်လှပါဘုရား)။ အဲဒီလိုဖြစ်ပြီးသကာလနေတယ်။

ဒါနဲ့ပဲ ကဲ အခိုးတွေဖြင့် ငြိမ်းသွားပြီဆိုပြီး ဘယ်သူ့မှ လည်း ရှာမတွေ့တော့ဘူးဆိုပြီးသကာလ မနက်မှပဲရှာကြ၊ ဖွေကြ စို့လို့၊ ဆိုခဲ့ကြတယ်။

## နဂါးအပေါ်မှာထိုင်နေတယ်

မနက်ကျတော့ အရှင်မောဂ္ဂလာန်က အပေါ်မှာ၊ နဂါးကခွေတဲ့ အပေါ်မှာ အရှင်မောဂ္ဂလာန်ကထိုင်၊ နဂါး ပါးပျဉ်းက မိုးပြီးသကာလ အရှင်မောဂ္ဂလာန်ကို၊ အရှင် မောဂ္ဂလာန်အပေါ်ကနေ ဒီပါးပျဉ်းနဲ့မိုးပြီးသကာလ စောင့် ရှောက်နေရတာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

နဂါးက ရှုံးတာကိုးဗျ. . . (မှန်လှပါဘုရား) မနက် ကျတော့ အဲဒီ အဂ္ဂိဒတ္တ တို့ တစ်ခါတည်း လူသေရှာလာကြ တာပေါ့ကွာ. . . (မှန်ပါဘုရား)။

ရှာလာတဲ့အခါကျတော့ အမလေး! ဒို့ ကိုးကွယ်တဲ့ နဂါးကြီး ကြည့်စမ်း၊ မောဂ္ဂလာန်က ဒီအပေါ်မှာလည်း ထိုင် နေသေးတယ်၊ နဂါးကလည်း ပါးပျဉ်းနဲ့ အုပ်ပြီးသကာလ မိုးရသေးတယ်၊ တယ်လည်း တန်ခိုးကြီးပါလား. . . (မှန်လှပါဘုရား)။

## ဘုရားသခင်ကကောင်းကင်ကကြွလာတယ်

သူတို့စိတ်ထဲအောက်မေ့ပြီးသကာလနေတယ်။ ဒီလို အောက်မေ့ပြီးနေတုန်းဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟို ကောင်းကင်ကနေပြီး ကြွလာတယ်. . . (မှန်လှပါဘုရား)။

သူလိုက်ခဲ့မယ်ဆိုတဲ့အတိုင်း လိုက်လာတာပေါ့လေ။ (မှန်လှပါဘုရား) လိုက်ခဲ့မယ်ဆိုတဲ့အတိုင်း လိုက်လာတော့၊ တစ်ခါတည်း အရှင်မောဂ္ဂလာန်က နဂါးကြီး အပေါ်က ဆင်းပြီးသကာလ ဒီ နားလေးရောက်လာရော။

## ဂေါတမမြတ်စွာဘုရားဆိုတာဒါပဲ

ဟိုက လာတာ ဘယ်သူတုံးမေးတော့၊ ဒါ တို့ဆရာ ဂေါတမမြတ်စွာဘုရားဆိုတာ ဒါပဲ. . . အမလေး သူ့ တပည့်တောင် ဒီလောက် တန်ခိုးကြီးရင်၊ သူ့ဆရာဆိုရင် ပြောစရာမရှိဘူး။ နဂါး. . . နဂါး. . . နဂါး နိုင်ကတည်းက ကြောက်ပြီကောကွ. . . (မှန်လှပါဘုရား)။

နဂါးနိုင်ကတည်းက ကြောက်နေပြီ. . . (မှန်လှပါ) သူ့ဆရာ ဆိုရင်ဖြင့် ပြောစရာမရှိဘူးဆိုတဲ့ မာနက နည်းနည်း ကျကုန်ပြီကွ။ ဒါကြောင့် အရှင်မောဂ္ဂလာန် အရင်လွှတ်လိုက် ရတာ. . . (မှန်လှပါဘုရား)။

နဂိုက မာန်ခံနေတာ. . . (မှန်လှပါ) အဲဒါနဲ့ပဲ အရှင်မောဂ္ဂလာန်က တစ်ခါတည်း နဂါးအပေါ်ကဆင်းပြီး သကာလ ဘုရားလာတော့ ဝတ်ချ၊ ဝတ်ချပြီးသကာလ နေတော့လည်း သူတို့လည်း ဝတ်ချကြတာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## ဘုရားကမေးတော်မူတယ်

ကြောက်လာပေါ့၊ လန့်လာပေါ့. . . (မှန်လှပါ) အဲဒီကဲ့သို့ လန့်လာတဲ့အခါ၊ ဟေ့ အဂ္ဂိဒတ္တ ဘုရားက ခေါ်တယ်၊ မင်းဘာတွေများ ဟောနေတုံးကွ၊ ပရိသတ်တွေကလည်း များပါဘိနဲ့၊ မင်းဆီ နေ့တိုင်းလိုလိုပဲ။

တိုင်းကြီးသောဋ္ဌသကလည်း အင်္ဂတိုင်း၊ မဂဓတိုင်းတွေကလည်းလာတယ်၊ သီတင်းနေ့ သီတင်းနေ့ဆိုရင် နည်းတာတွေမဟုတ်ဘူး၊ အဲ့ဒါတွေ ဘယ်နဲ့ ဟောတုံးဆိုတော့၊ တပည့်တော်ဟာ ဒီလိုဟောပါတယ်ဘုရား၊ တော ကိုးကွယ်ကြ၊ တောင် ကိုးကွယ်ကြ၊ စည်းစောင်ရန် ကိုးကွယ်ကြ၊ ဒုက္ခမှ လွတ်လိမ့်မယ် ဒီလို ဟောပါတယ် ဘုရား၊ လွဲလိုက်တဲ့ ဖြစ်ခြင်းကွာ။

## ဒုက္ခသစ္စာမသိလို့ ဒုက္ခကိုးကွယ်ခိုင်းတာတွေ

ဒုက္ခသစ္စာမသိလို့ ဒုက္ခကိုးကွယ်ခိုင်းတာကိုးဗျ. . . (မှန်လှပါဘုရား) တောတွေ တောင်တွေက ဒုက္ခသစ္စာတွေကွာ. . . (မှန်ပါ့) ဒုက္ခသစ္စာတွေ ကိုးကွယ်ကြဆိုတော့ ကိုထွန်းအောင် ဘယ်နဲ့နေတုံး. . . (မှားပါတယ်ဘုရား)။

ဒုက္ခသစ္စာဆိုတာ ပရိညာပိုင်းခြားပြီး ရှုမှန်းငြီးငွေ့ပြီး သကာလ သွားရမှာမို့လား. . . (မှန်လှပါဘုရား) အဲ့ဒါ ကိုးကွယ်ခိုင်းတာ. . . (မှန်လှပါဘုရား)။

အဲတော့ သစ္စာသိဖို့ အမှန်မျက်လုံးရဖို့ အရေးကြီးတယ်ဆိုတာ ဒီဝတ္ထုမှာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အဲ ဒါနဲ့ပဲ၊ ဟေး ဒီဥစ္စာတွေသည် မဟုတ်ဘူးကွ၊ မဟုတ်ဘူးကွ၊ တောတွေတောင်တွေ စည်းစောင်ရန်းတွေ ကိုးကွယ်တာ၊ တောင်ပို့တွေ ကိုးကွယ်တာတွေ ဒါတွေဘာမှ မဟုတ်ဘူးကွာ။

## ရတနာသုံးပါးသာကိုးကွယ်ရမယ်

မင်းတို့ ကိုးကွယ်စရာက ယောစဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ သရဏံကတော = ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာသာ ကိုးကွယ်ရမယ်။

တော်ခေါ သရဏံ ခေမံ တော်သရဏမုတ္တမံ = ဒါမှ ကိုးကွယ်ရာအစစ် ဟုတ်လား. . . (မှန်လှပါဘုရား) ဒါက ကိုးကွယ်ရမှာ ဟောတာ. . . (မှန်ပါဘုရား)။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ကိုးကွယ်ရမယ်နော်. . . (မှန်လှပါဘုရား) သဘောကျပ လား. . . (သဘောကျပါတယ်ဘုရား)။

## သစ္စာလေးပါးကိုသာကျင့်ရမယ်

ကျင့်ရမှာကတော့ ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ ဒုက္ခဿစ အတိက္ကမံ အရိယဉ္စဋ္ဌင်္ဂိကံ မဂ္ဂံ ဒုက္ခူပ သမဂါမိနံ တော်ခေါ သရဏံ ခေမံ တော် သရဏ မုတ္တမံ တော်သရဏ မာဂမ္မ သမ ဒုက္ခ ပမုစ္စတိ”

ကျင့်ကြံရမှာတော့ သစ္စာလေးပါး. . . (မှန်ပါ့) ကိုး ကွယ်ရမှာကတော့ ဘုရား၊ တရား၊ သံဃာ. . . (မှန်လှပါ ဘုရား) ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။ ကျင့်ကြံ ရမှာက ဘာတုံး. . . (သစ္စာလေးပါး ပါဘုရား)။

သစ္စာလေးပါးကို ကျင့်ကြံရမယ်ဆိုတော့ ဒီမှာလာ တာပဲ ကိုထွန်းအောင်ရေ. . . (မှန်ပါဘုရား)။ ရိပ်မိကြပ လား. . . (ရိပ်မိပါတယ်ဘုရား)။

## ဒုက္ခသစ္စာကိုမြင်အောင်ကြည့်

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ဒုက္ခသစ္စာကို မြင်အောင် ကြည့်ရလိမ့်မယ် . . . (မှန်လှပါဘုရား) ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ဟောပြီ၊ ဒီလိုဟောလိုက်တော့မှ သစ္စာလေးပါးကို သေသေချာချာ ဟောတော့မှ ခုနက ပြောခဲ့တဲ့အတိုင်း အမှန်မျက်လုံး တပ်လိုက်တာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ တပ်သလိုပေါ့ သွားချင်တာကနာမ်၊ သွားတာကရုပ်၊ ထိုင်ချင်တာက ဘာတုံး . . . (နာမ်ပါဘုရား) ထိုင်တာကရုပ် (ရုပ်ပါဘုရား)။

ဟုတ်လား . . အိပ်ချင်တာက နာမ်၊ အိပ်တာက ရုပ် (ရုပ်ပါဘုရား) ထချင်တာက နာမ်၊ ထတာက . . . (ရုပ်ပါ ဘုရား)။

## နာမ်ရုပ်အဟောင်းအဟောင်းပျက်လို့

အဲ့ဒီကဲ့သို့ဆိုတော့ ဒကာဒကာမတွေ နာမ်ရုပ် အသစ် အသစ် မပြောင်းဘူးလား . . . (ပြောင်းပါတယ် ဘုရား) ပြောင်းတယ်ဆိုကတည်းက အဟောင်းအဟောင်း ပျက်လို့ အသစ်အသစ်ပြောင်းရတယ်ဆိုတာ ရိပ်မိပလား . . (ရိပ်မိပါပြီဘုရား)။

အဲဒီကဲ့သို့ အဟောင်းအဟောင်း ပျောက်တာသည် ဒုက္ခသစ္စာ (ဒုက္ခသစ္စာပါဘုရား) အသစ်အသစ် ပေါ်လာတာသည် ဒုက္ခရောက်မှာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

အဟောင်းပျောက်သွားတာကဘာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ အသစ်ပေါ်လာတာက. . . (ဒုက္ခရောက်မှာပါဘုရား)။ ဒုက္ခရောက်မှာဆိုတော့ ဒကာဒကာမတွေ သန္တာန်မှာ ဘာတွေများ လှည့်နေတုံးမေးရင် ဘယ်နဲ့ပြောမတုံး. . . (ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာပါဘုရား)။

## ဒုက္ခသစ္စာနှင့် ဒုက္ခရောက်မှာ

အဲ. . . အဟောင်း အသစ်လှည့်ပြီး ဒုက္ခသစ္စာရယ် ဒုက္ခရောက်မှာရယ်. . . (မှန်ပါ) တော်ကြာတော့ ဒုက္ခရောက်မှာက ဒုက္ခ သစ္စာ ဖြစ်ပြန်ပြီ အသစ်ပေါ်လာတာက ဒုက္ခရောက်မှာ. . . (မှန်လှပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ကဲကဲ. . . ခင်ဗျားတို့ အကုန်နားလည်အောင် ဆိုလို့ရှိရင်ဖြင့်၊ ထိုင်တဲ့ နာမ်ရုပ်သည် ထတဲ့ဆီ ပါရဲ့လား. . . (မပါပါဘူးဘုရား) ဒါဖြင့် ထိုင်တာက ထတဲ့ဆီမပါသောကြောင့် ထိုင်တာက ဒုက္ခသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) ထတာက ဒုက္ခရောက်မှာ. . . (ဒုက္ခရောက်မှာပါဘုရား)။

ထတဲ့ ရုပ်နာမ်သည် လှမ်းနိုင်ရဲ့လား. . . (မလှမ်းနိုင်ပါဘူးဘုရား)။ မလှမ်းနိုင်တော့ ထတဲ့ ရုပ်နာမ်က ဘာတုံး (ဒုက္ခသစ္စာပါဘုရား) အေး လှမ်းတာက. . . (ဒုက္ခရောက်မှာပါဘုရား)။

အဲဒီကဲ့သို့ ခင်ဗျားတို့ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာပဲ ခင်ဗျားတို့ လှည့်နေတော့ ဒုက္ခသစ္စာချည့်ပဲ ဆိုရင် လွဲသလား. . . (မလွဲပါဘူးဘုရား)။

## ဒုက္ခသစ္စာထဲမှာ အချိန်ကုန်နေကြတာ

အဲဒီကဲ့သို့ ဒါတွေကို ခင်ဗျားတို့က အမှန်မျက်လုံးနဲ့ မြင်မြင်မြင်လာမှသာလျှင်၊ ဩော်. . . လောကကြီးထဲမှာ ဒုက္ခ သစ္စာတွေချည့်ပါပဲလား ဆိုတော့မှ၊ ဒီဒုက္ခသစ္စာကို သေသေ ချာချာ မြင်တဲ့အခါကျတော့မှ၊ ခင်ဗျားတို့သည် ဩော်. . . ဒို့နေတာဟာ ဒီထဲမှာ နေရတာပါလား၊ ဒုက္ခသစ္စာထဲမှာ အချိန်ကုန်နေတာပါလား။

ဒါ ရွံ့စရာ၊ မုန်းစရာ၊ ငြီးငွေ့စရာပါလားလို့ ဆိုတဲ့ ခင်ဗျားတို့ ဉာဏ်မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) ပေါ်တော့ဒါတွေ မလိုချင်တဲ့အခါကျတော့မှ၊ ခုနက နိဗ္ဗာန်ဆိုတာ မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)။

## ဆင်းရဲမြင်မှချမ်းသာဘက်သွားတာ

အဲဒီတွေ့တော့ အမှန်မြင်မှသာလျှင် ဒီဘက်က ဆင်းရဲမြင်မှ ဟိုဘက်က ချမ်းသာကို ခင်ဗျားတို့ သွားတာ (မှန်လှပါဘုရား)။

ဒီဘက်က ဆင်းရဲမမြင်ရင် ဟိုဘက်က၊ ချမ်းသာဘက်ကို. . . (မသွားပါဘူးဘုရား) ရိပ်မိလား. . . (ရိပ်မိပါတယ်ဘုရား)။

အဲဒီကဲ့သို့ အင်္ဂုဒတ္တကို တစ်ခါတည်း ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာတွေ လှည့်ပြီးသကာလ ဟောလိုက်တာ၊ အေး ဒီဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာတွေဟာ မင်း သန္တာန်မင်း ဒုက္ခသစ္စာချည့်ပဲ အကုန်ရှိတယ်ဆိုပြီး ဟောလိုက်တော့။

## အင်္ဂုဒတ္တာရဟန္တာဖြစ်တယ်

အင်္ဂုဒတ္တက တိုတိုပြောကြပါစို့ကွာ ရဟန္တာ ဖြစ်တယ် (တင်ပါ့ဘုရား) ရဟန္တာဖြစ်တယ်. . . (မှန်ပါ့ဘုရား)။ ဒုက္ခသစ္စာ ဟောလိုက်တာနဲ့ ရဟန္တာဖြစ်တယ်. . . (မှန်ပါဘုရား)

ကြည့်ဦးလေ ဒကာဒကာမတွေ၊ ဒုက္ခရောက်မှာနဲ့ ဒုက္ခသစ္စာကို လှည့်ရမယ်နော်. . (မှန်လှပါဘုရား)။ ထိုင်နေတဲ့ ရုပ်သည်ကားလို့ဆိုရင်ဖြင့် ထတဲ့ဆီ ပါရဲ့လား. . (မပါ

ပါဘူးဘုရား) မပါလို့ရှိရင် ထိုင်တာက ဒုက္ခသစ္စာ၊ ထတာက (ဒုက္ခရောက်မှာပါဘုရား) ဒုက္ခရောက်မှာပဲ။

အဲဒီထတာသည်က လှမ်းနိုင်ရဲ့လား. . . (မလှမ်းနိုင်ပါဘူးဘုရား)။ လှမ်းတော့ သိစိတ်နဲ့ သိရပ် မလှမ်းရဘူးလား (လှမ်းရပါတယ်ဘုရား)။

## ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာလှည့်နေတယ်

ဒါဖြင့် ထတာက ဒုက္ခသစ္စာ၊ လှမ်းတာက. . . (ဒုက္ခရောက်မှာပါဘုရား) အဲဒီကဲ့သို့ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာချည့်လှည့်မနေဘူးလား. . . (လှည့်နေပါတယ်ဘုရား)။

အဲတော့ စိတ်တွေမှာလည်း ဒီအတိုင်းပဲ၊ ပထမချုပ်သွားတဲ့စိတ်ဟာ ဒုက္ခသစ္စာ၊ နောက်ပေါ်လာတာက ဒုက္ခရောက်မှာပဲ၊ တော်တော်ကြာ ချုပ်သွားပြန်တော့ ဘာဖြစ်တုံး. . . (ဒုက္ခဖြစ်ပါတယ်ဘုရား) ဒီလိုချည့် လှည့်မနေဘူးလား. . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာလှည့်နေတော့ စကားမို့ ပြောတာပါ၊ စင်စစ် ဒုက္ခသစ္စာချည့်ပဲ. . . (မှန်လှပါဘုရား) ဟုတ်ဘူးလား. . . (မှန်လှပါဘုရား)။

အဲတော့ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာချည့် ဒကာဒကာမတွေ ခန္ဓာကိုယ် လှည့်မနေဘူးလား. . . (လှည့်နေ

ပါတယ်ဘုရား) အဲတော့ နဂိုရှိ အမှန်မှာ ခုနကထက် ပိုမြင် မလာဘူးလား. . . (ပိုမြင်လာပါတယ်ဘုရား)။

## ဒုက္ခသစ္စာတွေပိုင်းခြားပြီးမြင်လာတယ်

ခုနက နာမ်ရုပ်တင်မြင်တယ်. . . (မှန်လှပါဘုရား) ခုတော့ဖြင့် ဒုက္ခသစ္စာတွေ ပိုင်းခြားမြင်မလာဘူးလား. . . (မြင်လာပါတယ်ဘုရား)။

အင်း ထိုင်နေတာက ဒုက္ခသစ္စာ၊ ထိုင်တာသည် ထတဲ့ဆီ မလိုက်သောကြောင့် ထိုင်တဲ့ ရုပ်တွေသည် ဒီနေရာ မှာ အကုန်ပျောက်. . . (မှန်လှပါဘုရား) ဟုတ်လား။

ထတဲ့ဆီမပါသောကြောင့် ဒုက္ခသစ္စာပဲ၊ ဆင်းရဲပြီး ချုပ်ငြိမ်းကုန်ပြီ. . . (မှန်လှပါ) မဆိုနိုင်ဘူးလား. . . (ဆိုနိုင် ပါတယ်ဘုရား)။

ခု ထနေတာက ဒုက္ခရောက်မှာပဲ သူလည်း လှမ်း လိုက်တဲ့အခါ ဒုက္ခသစ္စာ ပြန်မဖြစ်ပေဘူးလား. . . (ပြန် ဖြစ်မှာပါဘုရား)။

## အမှန်မျက်လုံးရလို့ ရဟန္တာဖြစ်တယ်

အဲဒီကဲ့သို့ချည်း ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှုရှု၊ ရှုရှု၊ ရှုရှုပြီးသကာလ နေလို့ရှိရင်ဖြင့်၊ အဂ္ဂိဒတ္တမှာ ဒီလိုလည်း

ဟောလို့ သူ့ဉာဏ်ထဲ ဒီလိုလည်း ရှုလိုက်ပါရော ရဟန္တာ ဖြစ်တယ်. . . (မှန်လှပါဘုရား)။ ရိပ်မိပလား. . . (ရိပ်မိပါ တယ်ဘုရား)။

အမှန်မျက်လုံးရပြီလား. . . (မှန်ပါ့) အမှန်မျက်လုံး ရသွားတဲ့အခါကျတော့၊ သူသည်ကားလို့ဆိုရင် ရဟန္တာ ဖြစ်တယ်။ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ဒကာဒကာမတွေ အမှန်မျက်လုံးရမှုက ဒီနေ့ကစပြီး သူကစမ်းကြည့်တာ. . . (မှန်လှပါ)။ ခပ်ကြမ်း ကြမ်းက စမ်းကြည့်တာ. . . (မှန်ပါ့)။

အဲတော့ အမှန်မျက်လုံးရသွားတော့ အင်္ဂုလိမာလ ရဟန္တာဖြစ်တယ်၊ အဲ့တော့မှ အဲဒီနေ့ဟာလည်း ဥပုသ်နေ့ကြီး ဖြစ်နေတော့ အင်္ဂတိုင်း၊ မဂဓတိုင်းတွေက တစ်ခါတည်း ကိုးကွယ်ဆည်းကပ်မဲ့ လူတွေ အစားအသောက်တွေနဲ့ လာ လိုက်ကြတာတွေပေါ့ကွာ၊ နည်းတဲ့လူတွေ မဟုတ်ဘူး. . . မှန်လှပါဘုရား)။

သီတင်းတိုင်း လာနေကြကိုးကွ. . . (မှန်လှပါ) သီတင်းတိုင်း လာနေကြကိုးကွ. . . (မှန်လှပါ) ဒီပုဏ္ဏားကြီး ဟောတာ၊ အင်္ဂုလိမာလ ဟောတာသည် တောတောင်၊ စည်းစောင်ရန်းတွေ ကိုးကွယ်ဆည်းကပ်ရမယ်ဆိုပြီး သကာ လ ဟောထားလို့ တရားကျနေတဲ့ ပုဂ္ဂိုလ်တွေ၊ အမှားကျနေ တဲ့ ပုဂ္ဂိုလ်တွေ လာလိုက်တာ။

## ဘယ်သူကဆရာလဲ

သူတို့လာပြန်တော့ ဘုရားနဲ့ အရှင်မောဂ္ဂလာန် တွေ့ပြန်တယ်. . . (မှန်လှပါဘုရား) အင်း ဒို့ ဆရာကြီး တန်ခိုးကြီးလွန်းလို့ ဘုရားနဲ့ အရှင်မောဂ္ဂလာန်တောင် ဒီ ပူဇော်ပသလာရတယ်လို့ သူတို့က ထင်လိုက်သေးတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လောက်ထိအောင်များ အထင်လွဲကုန်တော့ သူတို့မှာ အမှန်မျက်လုံးက မရှိပဲကိုး. . . (မှန်လှပါဘုရား) အဲဒီ အမှန်မျက်လုံး မရှိတော့ သူလည်း တွေးချင်သလို တွေးတာပေါ့ကွာ (မှန်လှပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ တွေးလုံးတွေဟူသ၍ ကလည်း အမှားချည့်သာဆုံးဖြတ်ချက်ချ. . . (မှန်လှပါ ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါနဲ့ပဲ သူလည်း ရဟန္တာဖြစ်သွားတော့မှ၊ အားလုံး သော ပုဂ္ဂိုလ်တွေက ဘယ်လိုတွေးကြတုံးဆိုတော့၊ ဂေါတမ ကလည်း နာမည်တော့ နာမည်ကြီးပဲ၊ ဂေါတမက ဆရာလား၊ ဒို့ အဂ္ဂဒတ္တ ဆရာကြီးက ဆရာလားလို့၊ ဟိုက သံသယက နည်းနည်းရှိတယ်. . . (မှန်လှပါဘုရား)။

တချို့က တွေးတတ်တဲ့ ပုဂ္ဂိုလ်ကတော့ ဂေါတမက ဆရာလား၊ အဂ္ဂိဒတ္တက ဆရာလား၊ တချို့ကလည်း လူပြိန်း

တွေကတော့ ဒီလိုမဟုတ်ဘူး၊ ဒို့ဆရာကြီးဆိုလာရင် ဒို့ဆရာကြီးက ဆရာ. . . ဟိုက လာရတာကိုး. . . (မှန်ပါ့)။

## ဘုရားကသံသယကို ဖြေရှင်းခိုင်းတယ်

သူတို့က ဒီလိုသာ တွေးတောတာပဲ. . . (မှန်ပါ့) အဲဒီကဲ့သို့ တွေးနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံသယရှိတဲ့ လူတွေဖြင့် အားလုံး အကုသိုလ်ဖြစ်ကုန်လိမ့်မယ်။

ဆရာတပည့်ရွေးနေတာနဲ့ အဂ္ဂိဒတ္တ မင်းတပည့်တွေ ခု အင်္ဂတိုင်း၊ မဂဓတိုင်းက လာတဲ့ ပုဂ္ဂိုလ်တွေ သံသယကင်းရှင်းအောင် လုပ်လိုက်၊ ဘုရားက ပြောတော့မှ သူက အဘိညာဉ် ရတာကိုးကွ. . . (မှန်လှပါဘုရား)။

## အဂ္ဂိဒတ္တကကောင်းကင်ပျံပြီး သုံးကြိမ်ရှိခိုးတယ်

ရဟန္တာတင် ဖြစ်တာမဟုတ်သေးဘူး အဘိညာဉ် တန်ခိုးပါ ပျံနိုင်တာ. . . (မှန်လှပါဘုရား) ဒါနဲ့ ထန်းတစ်ဖျားလောက်တက်ပြီး သကာလ၊ တပည့်တော်သည် အရှင်ဘုရား၏ ဒုက္ခသစ္စာ ပိုင်းခြားသိခြင်းကြောင့်၊ ရဟန္တာဖြစ်ရသောကြောင့်၊ အရှင်ဘုရား ဟောတော်မူတဲ့ ဒုက္ခသစ္စာကို ပိုင်းခြားပြီး၊ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာတွေကို ပိုင်းခြားဝေဖန်ပြီး သိလို့ ရဟန္တာဖြစ်ရတဲ့အတွက်။

အရှင်ဘုရားဟောတဲ့တရား၊ အရှင်ဘုရားဆုံးမတာကို လိုက်နာတဲ့အတွက်၊ တပည့်တော်သည် တပည့်ရင်းအဖြစ်ဖြင့် ရှိခိုးပါတယ်ဘုရား. . . (မှန်လှပါဘုရား) သုံးကြိမ်ရှိခိုးရတယ်။ (မှန်လှပါဘုရား) ကောင်းကင်ပျံပျံပြီးတော့မှ (မှန်လှပါဘုရား)။

## သူ့တပည့်တွေအကုန်ကျွတ်တမ်းဝင်တယ်

အဲဒီကျတော့မှ ဒေါ်ခန့်နှယ် အကုန်ညွှတ်လာတာ (မှန်လှပါဘုရား) အဲဒီညွှတ်လာတော့မှ ခုနက ဒုက္ခသစ္စာတို့ ဒုက္ခရောက်မှာတို့ကို ဆက်ပြီး ဟောရပြန်တာပေါ့ကွာ (မှန်လှပါဘုရား)။

အဲဒီတော့မှ အင်္ဂတိုင်း၊ မဂဓတိုင်းတွေက လူတွေပါ အကုန်ကျွတ်တမ်းဝင်တယ်. . . (မှန်ပါ့ဘုရား) အမှန်မြင်လို့ပေါ့ဗျာ. . . (အမှန်မြင်လို့ပါဘုရား)။

အမှန်မမြင်တုန်းက တောတွေ တောင်တွေ ကိုးကွယ်နေတုံးက ဘယ် အာသဝေါကုန်လိမ့်မလဲ. . . (မှန်လှပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ခုတော့ အမှန်မျက်လုံးလေး ဘုရားတပ်ပေးလိုက်တာနဲ့ ဘယ်နဲ့နေတုံး. . . (အာသဝေါ ကုန်ပါတယ်ဘုရား)။

အာသဝေါ ကုန်ခမ်းတဲ့ ရဟန္တာတွေ အကုန်ဖြစ်မကုန်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒါ ယနေ့ တပ်ပေးတာ အမှန်မျက်လုံး တပ်စပဲ ရှိသေးတယ်. . . (မှန်လှပါဘုရား) ရုပ် နာမ်ခွဲပြီး သင်္ကာလ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာလေးပဲ ခင်ဗျားတို့ ဝေဖန်ပေး လိုက် သေးတယ်. . . (မှန်လှပါဘုရား)။

မစိပ်သေးဘူးပေါ့ဗျာ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင်တော်ကြဉီးစို့။
သာဓု . . . သာဓု . . . သာဓု . . . ။